ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 14 July 2025 ၁၁၈၇၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပင်လယ်ပြင်ငါးဖမ်းရာသီပြန်ဖွင့်ချိန် ငါးဖမ်းစက်လှေများ ရန်ကုန်ဆိပ်ကမ်းများသို့ စတင်ဝင်ရောက်

ရန်ကုန် ဇူလိုင် ၁၃

ပင်လယ်ပြင်ငါးဖမ်းရာသီကို ဇူလိုင် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ရာသီဥတုပြင်းထန်မှုကြောင့် ပင်လယ်ပြင်လှိုင်းလေထန်နေသော်လည်း ငါးဖမ်းစက်လှေ ၃၀ ရာခိုင်နှုန်းက ဖမ်းဆီးရမိသော ရေထွက်ကုန်များ ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်ငါးဈေးကွက်သို့ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း ရန်ကုန်မြို့ ကြည့်မြင်တိုင်ငါးဈေးမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✰




ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် ငါးဖမ်းစက်လှေများကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

SCO အဖွဲ့ဝင်နိုင်ငံများအတွင်း အလေ့အကျင့်ကောင်းများနှင့် အရင်းအမြစ်များ မျှဝေပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတွင် သာမက ကမ္ဘာတစ်ဝန်း ဒစ်ဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများ အပြည့်အဝခံစားနိုင်မည်

စာမျက်နှာ » ၃

သတ္တုသန့်စင်ခြင်းဆိုင်ရာ နည်းပညာ သုတေသနလုပ်ငန်းများနှင့် နည်းပညာ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ ဆောင်ရွက်

စာမျက်နှာ » ၇



မင်းဘူး(စကု)မြို့နယ် မြေနိမ့်ပိုင်း ရပ်ကွက်နှင့် ကျေးရွာများ၌ ရေဝတီမြစ်ရေများ စတင်ဝင်ရောက်

စာမျက်နှာ » ၁၂




အားလုံးပါဝင်ဆောင်ရွက်ရမည့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး

ဆောင်းပါး စာမျက်နှာ » ၁၇

နာဆာ၏ အာတီမစ္စ မစ်ရှင်က လကမ္ဘာ၌ ရေခဲရှာ၊ သတ္တုမြေပုံဆွဲမည်

နည်းပညာနှင့် သုတကမ္ဘာ စာမျက်နှာ » ၁၉



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၃

| | | | | | |
|---|---|---|---|---|---|
| သရက် | ၅ ဒသမ ၄၇ လက်မ | | အောင်လံ | ၃ ဒသမ ၁၉ လက်မ | |
| ဟိုင်းကြီးကျွန်း | ၄ ဒသမ ၀၉ လက်မ | | ကျိုက္ခမီ | ၃ ဒသမ ၀၈ လက်မ | |
| မြောင်းမြ | ၃ ဒသမ ၃၁ လက်မ | | ကန်ကြီးထောင့် | ၂ ဒသမ ၉၆ လက်မ | |
| မြင်းမူ | ၃ ဒသမ ၂၃ လက်မ | | ဟားခါး | ၂ ဒသမ ၇၂ လက်မ | |
| | | | မန္တလေး | ၂ ဒသမ ၆၈ လက်မ | |
| | | | ပုသိမ် | ၂ ဒသမ ၃၂ လက်မ | |

ကြေးမုံ

# ပကတိအခြေအနေမှန်ကိုသုံးသပ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့လူဦးရေနေ့သို့ ရောက်သည့်အခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရည်ရွယ်သတ်မှတ်ထားသည့် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ပါအတိုင်း အခမ်းအနားများ၊ လှုပ်ရှားမှုများ ပြုလုပ်လေ့ရှိသည်။ မြန်မာနိုင်ငံအတွက် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ထင်ဟပ်ပေါ်လွင်စေမည့် ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားသည်မှာ လျော်ကန်သင့်မြတ်ပေသည်။

၂၀၂၄ ခုနှစ်က ကောက်ယူခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို ထိထိရောက်ရောက်အသုံးပြုရန်ရည်ရွယ်ပြီး "လူမှုစီးပွားဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့" "From Data to Development: Using Census for Socio–Economic Advancement" ဟု ရွေးချယ်သတ်မှတ်ထားသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အသုံးဝင်သည့် အချက်အလက်များဖြစ်၍ ယခုနှစ်ဆောင်ပုဒ်သည် အနှစ်သာရပြည့်ဝပေါ်လွင်ထင်ရှားပေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ၏အခြေအနေ အနေအထားသည် ဆယ်စုနှစ်တစ်ကြိမ် အပြောင်းအလဲရှိသည်။ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၁၀ နှစ်တစ်ကြိမ်ကောက်ယူပြီး စာရင်းဇယားအချက်အလက်များ ပြန်လည်တည့်မတ်ရသည်။ နိုင်ငံတော်အတွက်လိုအပ်မည့် ရေတိုရေရှည် စီမံကိန်းများတွင် အခြေခံအသုံးပြုနိုင်မည့် လူဦးရေကို သိရှိနိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာဆန်းစစ်သုံးသပ်ရာတွင် လိုအပ်သည့်အချက်အလက်များရရှိနိုင်ရန် ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းကောက်ယူပြီးနောက် ၁၀ နှစ်ပြည့်သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် သန်းခေါင်စာရင်းထပ်မံကောက်ယူခဲ့သည်။

သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် မျက်မှောက်အခြေအနေကို ပြသခြင်းဖြစ်သည်။ ရရှိလာသည့် အချက်အလက်များကိုအခြေခံ၍ မှန်ကန်သည့်မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများချမှတ်နိုင်ရန်နှင့် စီမံကိန်းများ ရေးဆွဲနိုင်ရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် သယံဇာတအရင်းအမြစ်များခွဲဝေရန်၊ ဘဏ္ဍာငွေခွဲဝေရန်၊ လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရန်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် အချက်အလက်များဖြစ်သည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်များကို အသေးစိတ်ဆန်းစစ်လေ့လာပြီး မြန်မာနိုင်ငံ၏ မျက်မှောက်အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်နိုင်မည်ဖြစ်သည်။ နိုင်ငံ၏ ပစ္စုပ္ပန်အခြေအနေကို ဖော်ပြနေသည့် အချက်အလက်များဖြင့် နိုင်ငံ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်သည်။ ယခုနှစ်ကုန်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ အခွင့်အရေး များနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကကျသည့် မဲစာရင်းမှန်ကန်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ယခုဆယ်စုနှစ်ကာလတွင် ယခင်ဆယ်စုနှစ်များနှင့်မတူ အပြောင်းအလဲများစွာဖြစ်ပေါ် ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်–၁၉ ကပ်ရောဂါဆိုးနှင့် ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် နိုင်ငံသားများအပြင် ရုပ်ဝတ္ထုများစွာ အပြောင်းအလဲများဖြစ်ခဲ့သည်။ ဆယ်စုနှစ်အတွင်း ပြောင်းလဲဖြစ်ပေါ်ခဲ့သောဖြစ်စဉ်များကြောင့် ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှ ရရှိသည့် အချက်အလက်များကို အသုံးပြုရမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတော်၏ ငွေကြေးအမြောက်အမြားနှင့် လူသားအရင်းအမြစ်များစွာ အသုံးပြုခဲ့ခြင်း၊ အခက်အခဲများစွာကြုံတွေ့ခဲ့ခြင်း၊ အသက်များစွာပေးဆပ်ခဲ့ရခြင်းတို့ကို ဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လက်ရှိပကတိအခြေအနေမှန်ကို သုံးသပ်နိုင်ရန်အတွက် အခက်အခဲပေါင်းများစွာကြားမှ ငွေအား၊ လူအားအသုံးပြုပြီး အောင်မြင်အောင်ဆောင်ရွက်ခဲ့သည့် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ အချက်အလက်အသုံးပြုသူများ၊ အကောင်အထည်ဖော်သူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိထိရောက်ရောက်အသုံးပြုနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ် သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဧရာဝတီမြစ်နှင့် သံလွင်မြစ် မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ပါရန်နှင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်း မြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ ည ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ချောက်မြို့နယ်၊ ဘားအံမြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (အနောက်ဘင်္ဂလားပြည်နယ်နှင့် ဩရိသပြည်နယ်)ကမ်းခြေတို့၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ၁၃ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | – ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# SCO အဖွဲ့ဝင်နိုင်ငံများအတွင်း အလေ့အကျင့်ကောင်းများနှင့် အရင်းအမြစ်များ မျှဝေပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတွင်သာမက ကမ္ဘာတစ်ဝန်း ဒစ်ဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများ အပြည့်အဝခံစားနိုင်မည်

**နေပြည်တော် ဇူလိုင် ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ထျန်းကျင်းမြို့၌ ကျင်းပသော ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization) ၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖိုရမ်တက်ရောက်ရန် တရုတ်နိုင်ငံသို့ ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ သွားရောက်ခဲ့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ဒစ်ဂျစ်တယ်စီးပွားရေးဖိုရမ်ဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

အဆိုပါဖိုရမ်ကို ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်အတွင်း ဝန်ကြီးအဆင့် တံခါးပိတ်အစည်းအဝေး၊ open forum နှင့် ခေါင်းစဉ်အလိုက် သီးခြားဆွေးနွေးမှုများအပြင် ထျန်းကျင်းတက္ကသိုလ်များမှ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချ ဆွေးနွေးမှုများပါ ပါဝင်သည်။

ဇူလိုင် ၁၀ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ထျန်းကျင်းဧည့်ဂေဟာ၌ ပြုလုပ်သည့် နိုင်ငံတကာမှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Data Administration ၏ ဝန်ကြီးဖြစ်သူ H.E. Liu Liehong က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် SCO အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာဖက်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ရာတွင် ဒစ်ဂျစ်တယ်စီးပွားရေး အကောင်အထည်ဖော်ခြင်းနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း ဆောင်ရွက်ရာတွင် ကောင်းသည်များရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိပါကြောင်း၊ စိန်ခေါ်မှုများကို နိုင်ငံတကာ ပူးပေါင်းဖြေရှင်းမှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထည့်သွင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပါဝင်သော ကိုယ်စားလှယ်ဝန်ကြီးများသည် ထျန်းကျင်းမြူနီစီပယ်အဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် ထျန်းကျင်းမြို့တော်ဝန်တို့နှင့် ညစာစားပွဲမတိုင်မီ သီးသန့်ဧည့်ခန်းမဆောင်၌ ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဖိုရမ်ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် Renaissance Tianjin Lakeview ဟိုတယ်၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုကော်မတီအမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် H.E. Ding Xuexiang၊ National Data Administration ၏ ဝန်ကြီး၊ ထျန်းကျင်း မြူနီစီပယ်အဖွဲ့ အထွေထွေအတွင်းရေးမှူးနှင့် ထျန်းကျင်း မြို့တော်ဝန်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ထို့အတူ ဖိုရမ်ဖွင့်ပွဲ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ဒစ်ဂျစ်တယ်စီးပွားရေးသည် လူ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် နေထိုင်မှုပုံစံများကို များစွာ ပြောင်းလဲပေးနေသည့် စွမ်းအားတစ်ခု ဖြစ်လာကြောင်း၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အသက်သွေးကြောဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးသည် မြန်မာနိုင်ငံအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြံ့ခိုင်မှုရှိစေနိုင်သည့် ဗျူဟာမြောက်အင်အားအဖြစ် ရှုမြင်ပါကြောင်း။

နိုင်ငံတော်နှင့်ပြည်သူ/ပြည်သားများအတွက် အကျိုးရှိစေမည့် ယုံကြည်စိတ်ချရပြီး အားလုံးပါဝင်နိုင်သည့် ဒစ်ဂျစ်တယ်စီးပွားရေးကို တည်ဆောက် မြှင့်တင်သွားရန် ဆုံးဖြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာများသည် နိုင်ငံနယ်နိမိတ်များကို လိုက်နာခြင်း မရှိသည့်အတွက် ဒစ်ဂျစ်တယ်စီးပွားရေး၏ စိန်ခေါ်မှုများကို ဖြေရှင်းသည့်အခါ နိုင်ငံတကာပူးပေါင်းမှု လိုအပ်ပါကြောင်း၊ SCO အဖွဲ့ဝင်နိုင်ငံများအတွင်း အလေ့အကျင့်ကောင်းများနှင့် အရင်းအမြစ်များကို မျှဝေပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတွင်သာမက ကမ္ဘာတစ်ဝန်း ဒစ်ဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်အားလုံးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယုံကြည်စိတ်ချရပြီး အားလုံးပါဝင်နိုင်သည့် ကြံ့ခိုင်မှုပြည့်ဝသော ဒစ်ဂျစ်တယ်အနာဂတ်ကို တည်ဆောက်ရာတွင် လက်တွဲပူးပေါင်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက ၎င်းတို့၏ နိုင်ငံအသီးသီးတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေသည့် အခြေအနေကို ဆွေးနွေးတင်ပြကြသည်။

ယခုနှစ်ဖိုရမ်သို့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်စုစုပေါင်း ၆၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဆောင်သောအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Data Administration နှင့် ထျန်းကျင်းပြည်နယ် အစိုးရတို့၏ အစီအစဉ်ဖြင့် ဇူလိုင် ၉ ရက်တွင် ထျန်းကျင်းဆိပ်ကမ်းရှိ Smart Zero-Carbon container terminal နှင့် Binhai မြို့သစ်စီမံကိန်းပြတိုက်များသို့ လည်းကောင်း၊ ဇူလိုင် ၁၀ ရက်တွင် ထျန်းကျင်း မြို့ပြစီမံကိန်းပြခန်းသို့လည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် G7 Connect ကုမ္ပဏီသို့လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် Fit Testing Technology သို့လည်းကောင်း သွားရောက်၍ artificial intelligence, big data နှင့် IoT နည်းပညာအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာများကို နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိစွာ အသုံးပြုနေမှုကို သွားရောက်လေ့လာခဲ့ကြသည်။

ဖိုရမ်အပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထျန်းကျင်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုသင်တန်းကျောင်း အရည်အသွေးထိန်းသိမ်းရေး သုတေသနဌာန သုံးခုနှင့် ဆွာချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်းသို့ရောက်ရှိပြီး မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ၂၀၂၅ (MNBC-2025)ကို အသုံးချနိုင်ရေး သင်ကြားမှုဝေပေးရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်ထားရှိပြီးဖြစ်သော်လည်း တိုးတက်မြင့်မားလာသော နည်းပညာသတင်းအချက်အလက်များကို မျက်ခြည်မပြတ်စေဘဲ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် လေ့လာနိုင်ရန် E-Library အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုသင်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်အတွင်း Library Management System နှင့် e-Book Management System များ အသုံးပြု၍ စာအုပ်စာတမ်းများ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းထားသိုခြင်းနှင့် ငှားရမ်းမှုဆိုင်ရာစီမံခန့်ခွဲခြင်း၊ e-Book များအား လွယ်ကူစွာဖက်ရှုနိုင်ရန် စီမံထားရှိမှု၊ သင်တန်းသား သင်တန်းသူများ၏ နေထိုင်စားသောက်ရေးအတွက် ဆောင်ရွက်ထားသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လမ်းဦးစီးဌာန၏ အရည်အသွေးထိန်းသိမ်းရေး သုတေသနဌာနခွဲသို့ သွားရောက်၍ လမ်းဒီဇိုင်းပုံစံများ တွက်ချက်ရေးဆွဲနိုင်ရန် မြေသားဓာတ်ခွဲစမ်းသပ်ခြင်းနှင့် လမ်းတည်ဆောက်ရာတွင် အသုံးပြုသည့် ကတ္တရာအရည်အသွေး စမ်းသပ်စစ်ဆေးခြင်း၊ လက်တွေ့ပြုလုပ်ခြင်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တံတားဦးစီးဌာန၏ အရည်အသွေးထိန်းသိမ်းရေးသုတေသနဌာနခွဲသို့ သွားရောက်၍ တံတားတည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ ဓာတ်ခွဲစမ်းသပ်နေမှုအခြေအနေ၊ ဘိုးပိုင်များ ဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုစစ်ဆေးသည့် ကိရိယာများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အဆောက်အဦဦးစီးဌာန၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲသို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် သံချောင်း၊ ဘိလပ်မြေ၊ အုတ်၊ သဲ နှင့် ကျောက်များ အရည်အသွေးစစ်ဆေးစမ်းသပ်သည့် အခြေအနေများကိုလည်းကောင်း အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-နေပြည်တော်လမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသည့် အခြေအနေများကို စစ်ဆေး၍ မိုင်တိုင်အမှတ် (၁၆၅/၁)ရှိ ဆွာချောင်းတံတားသို့ရောက်ရှိရာ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တံတားတစ်စင်းအား ပြန်လည်တည်ဆောက်နေသည့် အခြေအနေ၊ ကျန်ရှိသည့် တံတားတစ်စင်းမှ ယာဉ်များလတ်တလော သွားလာနိုင်ရန်အတွက် နှစ်လွှာတစ်ထပ် ဘေလီတံတားထိုး၍ မော်တော်ယာဉ်များ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆွာချောင်းတံတားသည် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်၍ အသစ်ပြန်လည်တည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်သော ဒီဇိုင်းဖြင့် စနစ်တကျတွက်ချက် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျွန်းစုမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်း စမ်းသပ်သရုပ်ပြ

**ကျွန်းစု ဇူလိုင် ၁၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်၊ တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တနင်္သာရီခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ရှင်းလင်းပြသခြင်း၊ သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားသို့ တက်ရောက်သည်။



**ထိန်းသိမ်းထားရှိ**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တနင်္သာရီတိုင်းဒေသကြီးတာဝန်ခံ ဦးကိုကိုလွင်က ရွေးကောက်ပွဲတွင် အီလက်ထရောနစ်စက်(MEVM)ဖြင့် မဲပေးကြရမည်ဖြစ်ရာ မဲစာရင်းများကို မှန်မှန်ကန်ကန် တိတိကျကျ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲသည် နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သည့်အတွက် နိုင်ငံသားတိုင်း မဲပေးနိုင်ရေး၊ နည်းလမ်းကျ မှန်ကန်သည့် အထွေထွေရွေးကောက်ပွဲပုံစံဖြစ်စေရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် MEVM စက်များ သယ်ယူဖြန့်ဝေ ထိန်းသိမ်းထားရှိမှုများကို ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က MEVM စက်အသုံးပြုရခြင်းနှင့်စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ရွှေအင်္ဂါဝါပညာရေးဖောင်ဒေးရှင်းအတွက် လှူဒါန်းငွေများကို စေတနာရှင် အလှူရှင်များက ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နိုင်ငံရေးပါတီဝင်များက ရွေးကောက်ပွဲနေ့တွင် ဆောင်ရွက်ရမည့် အစီအစဉ်များအတိုင်း မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**



# လှည်းကူးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကွင်းဆင်းစစ်ဆေး

**လှည်းကူး ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မင်းကုန်း-ဝါးယားကုန်း ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးဇော်မိုးဦး၊ ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသက်ဇော်(မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)နှင့် တာဝန်ရှိသူများကကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အောင်လံမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်ရေ/သုံးရေများ ဖူလုံစွာရရှိစေရန် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက လက်မြှောင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် လက်မြှောင်ကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အနက်ပေ ၄၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်း တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၃ သန်း အကုန်ကျခံကာ ခရိုင်/မြို့နယ်ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု/အနီးကပ်ကြီးကြပ်မှုဖြင့် ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေ ပြည်သူများအတွက် နွေရာသီကာလအတွင်း ရေရှားပါးသည့်ပြဿနာများ ပြေလည်ကာ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများအား ဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအား ယာယီဝန်ထမ်းနေအိမ်များတွင် နေရာချထားပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ဖျော်ဖြေတင်ဆက်ခြင်းကို ယမန်နေ့ညနေပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ယာယီဝန်ထမ်းအိမ်ရာ ရပ်ကွက်(C)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် မြဝတီရုပ်မြင်သံကြား (နေပြည်တော်) ဖျော်ဖြေရေးအဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေကြပြီး ဝါသနာရှင် ဝန်ထမ်းမိသားစုဝင်များက သီချင်းများ၊ အကအခုန်များဖြင့် ပါဝင်ဖျော်ဖြေသည်။

အခမ်းအနားအပြီးတွင် မြဝတီရုပ်မြင်သံကြား ဖျော်ဖြေရေးအဖွဲ့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ ကို အဖွဲ့ဥက္ကဋ္ဌက ပေးအပ်သည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေဖြင့် မန္တလေးငလျင်ကြီးကြောင့် အိမ်ရာများပျက်စီးခဲ့သော ဝန်ထမ်းမိသားစုဝင် ၉၀ အား ငလျင် လှုပ်ခတ်ပြီးချိန်တွင် ရုံးအတွင်း ယာဉ်ရပ်နားစခန်းတွင် အရေးပေါ် နေရာချထားခဲ့ရာမှ ယခုအခါ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုအားလုံးကို ဘာရှာတဲ ၂၀၊ Container ၇၀ တို့တွင် ယာယီနေထိုင်ရန် အပြီးသတ်နေရာချထားပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တရုတ်နိုင်ငံ ပေကျင်းမြို့၌ The Global Civilization Dialogue Ministerial Meeting နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် တရုတ်နိုင်ငံလုံးဆိုင်ရာ စာရေးဆရာအသင်း၏ဖိတ်ကြားချက်အရ အဖွဲ့ဝင် ဦးမင်းမင်းထိုက် (စာရေးဆရာ မြတ်မင်းသန့်) နှင့်အတူ ဇူလိုင် ၆ ရက်တွင် ချွမ်ကျိုးမြို့ရှိ Quanzhou Museum သို့သွားရောက်၍ ပိုးလမ်းမ ရေကြောင်း သမိုင်းမှတ်တမ်းများကို လေ့လာသည်။

**တက်ရောက်**

ထို့နောက် Hilton Quanzhou Riverside Hotel ၌ကျင်းပသော Huafu Connects the Would–Quanzhou Exchanges Event အခမ်းအနားသို့ တရုတ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ကင်ညာ၊ ဂမ်ဘီယာ၊ မွန်ဂိုလီးယား၊ နီပေါ၊ ဆွစ်ဇာလန်၊ ယူဂန်ဒါ၊ အာဂျင်တီးနား၊ ဘော့စနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ၊ အိုင်ယာလန် ၊ ပါကစ္စတန်၊ ထိုင်း၊အီတလီ၊ မွန်တီနီဂရိုးနှင့် ဘယ်လ်ဂျီယံနိုင်ငံ စသည့်နိုင်ငံ ၂၂ နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်သည်။

ဇူလိုင် ၇ ရက်တွင် Gulanyu ကျွန်းသို့ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုဖလှယ်ရေးနှင့် ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ထားပုံများ၊ ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သော စန္ဒရားများ ထိန်းသိမ်းထားမှု၊ ယွမ်တောင်ရေကန် (Yundang) နှင့် ယွမ်တောင်အကယ်ဒမီ (Yundang Academy) တို့သို့ သွားရောက်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ကျောင်းသား ကျောင်းသူများ၏ အနုသုခုမပန်းချီ ပန်းပုလက်ရာများကို လေ့လာသည်။



ယင်းနောက် ရှားမန်တက္ကသိုလ် (Xiamen University) ၌ နိုင်ငံတကာပညာရေးကွန်ရက်ဖြန့်ကြက်မှုပညာရပ်အလိုက် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ သင်ကြားမှုနှင့် ပညာတော်သင်စေလွှတ်ရောက်ရှိမှုများကို လေ့လာသည်။

ဇူလိုင် ၈ ရက်တွင် ဖူကျိုးမြို့ Fuzhou Party School ရှိ 3820 Strategic Project Achievement Exhibition Hall ၌ တရုတ်နိုင်ငံ ဖူကျိုး၏ 3820 Strategic Project အောင်မြင်မှုသမိုင်းမှတ်တမ်းများကို လေ့လာသည်။

ထို့နောက် ဖူကျိုးမြို့ရှိ ရှေးဟောင်းကာလကတည်းကတည်ရှိခဲ့သည့် အိမ်ရာအဆောက်အအုံများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သွားရောက်လေ့လာကြည့်ရှုသည်။

ညနေပိုင်းတွင် ဖူကျန်းပြည်နယ်အစိုးရအဖွဲ့မှ Mr. Zhang Yan (Member of the Standing Committee and Head of the Publicity Department of the CPC Fujian Provincial Committee) နှင့် ယဉ်ကျေးမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာများကို တွေ့ဆုံဆွေးနွေးပြီး ညစာစားပွဲသို့ တက်ရောက်သည်။

ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ Wanshou Hotel ၌ တရုတ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေသည့် NGO လုပ်ငန်းများ၊ တန်ဇန်းနီးယား၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့တွင် Mobile Surgical Unit အဖြစ် ဆောင်ရွက်ပေးနေမှုများ၊ ဆူဒန်၊ အီသီယိုးပီးယား၊ နီပေါနှင့် မြန်မာအပါအဝင် နိုင်ငံရှစ်နိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သော Smiling Children Program ကဏ္ဍများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးရာ သက်ဆိုင်ရာနိုင်ငံများ၏ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် Global Civilization Dialogue Ministerial Meeting အခမ်းအနားသို့ တက်ရောက်ရာ နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ် ၁၀၀၀ ခန့် တက်ရောက်ကြသည်။

ညပိုင်းတွင် National Theatre တွင် Performing Arts ကို ကြည့်ရှုသည်။

ဇူလိုင် ၁၁ ရက် တွင် IDCPC အစည်းအဝေးခန်းမ၌ Inter–civilization Exchanges and Mutual Learning: Understanding and Friendship among People ခေါင်းစဉ်ဖြင့် ပြုလုပ်သော Parallel Forum သို့ တက်ရောက်ဆွေးနွေးသည်။

**အပြန်အလှန်ဆွေးနွေး**

ညနေပိုင်းတွင် တရုတ်ခေတ်ပေါ်သမိုင်းစာပေပြတိုက် အစည်းအဝေးခန်းမတွင် တရုတ်နိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ Mr.Zhang Hongsen, Hu Bangsheng (Secretariat Member of CWA), Liu Xiu Juan (Director General of the office of CWA), Zhang Hong Bin (Director General of the International Department of CWA) တို့က လက်ခံတွေ့ဆုံပြီး နိုင်ငံအချင်းချင်း စာပေရေးရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးသည်။

ယင်းနောက် ခေတ်ပေါ် သမိုင်းစာပေပြတိုက်တွင် ခင်းကျင်းပြသထားသော တရုတ်စာပေပညာရှင်များ၏ စာပေလက်ရာများ၊ သမိုင်းမှတ်တမ်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

ယခုနှစ် ငါးဖမ်းရာသီပြန်ဖွင့်သော ဇူလိုင်လပထမပတ်မှစ၍ ယနေ့အထိ ပင်လယ်ပြင်တွင် လှိုင်းလေထန်ပြီး ရေစီးမမှန်သည့်အတွက် ငါးအထိအမိနည်းသောကြောင့် ရန်ကုန်မြို့ရှိ ငါးဖမ်းစက်လှေ ၉၀၀ ခန့်အနက် ၃၀ ရာခိုင်နှုန်းသာ ပင်လယ်ပြင်သို့ ထွက်နိုင်ခြင်းဖြစ်သည်။

“ဒီနှစ်ငါးဖမ်းရာသီ ပြန်ဖွင့်တာနဲ့ ပင်လယ်ပြင်မှာ လှိုင်းလေကြီးတာကြုံရတာ ယနေ့အထိပဲ။ လှိုင်းကြီးတော့ ငါးအထိအမိနည်းတယ်။ ရန်ကုန်မှာရှိတဲ့ ငါးဖမ်းစက်လှေအားလုံးထဲက ၃၀ ရာခိုင်နှုန်းပဲ ပင်လယ်ထွက်နိုင်တယ်။ လှိုင်းဘယ်တော့ရပ်မလဲ မှန်းလို့ မရနိုင်တာကြောင့် ပင်လယ်ပြင်ထွက်မယ့် စက်လှေတွေ အသင့်ရှိနေကြပါတယ်။ ဇူလိုင် ၁ ရက်က ထွက်သွားတဲ့ စက်လှေတွေ မနေ့က ဆိပ်ကမ်းဝင်လာကြပါပြီ။ ဈေးကွက်ထဲမှာ ရေငန်ထွက်ကုန်တွေ စတင်အသက်ဝင်လာပါပြီ”ဟု ငါးဖမ်းစက်လှေအသင်း အတွင်းရေးမှူး ဦးကျော်နိုင်က ပြောသည်။

**ဖမ်းဆီးလျက်ရှိ**

ရန်ကုန်တိုင်း ဒေသကြီးမှ ငါးဖမ်းစက်လှေများသည် ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ပြင်နှင့် မြိတ်မှ ငါးဖမ်းစက်လှေများသည် တနင်္သာရီ ပင်လယ်ပြင်တို့တွင် ရေထွက်ကုန်များကို ဖမ်းယူလျက်ရှိပြီး မြန်မာနိုင်ငံတွင် ငါးဖမ်းစက်လှေပေါင်း ၃၀၀၀ ကျော်မှ တနင်္သာရီတိုင်းဒေသကြီးရှိ ငါးဖမ်းစက်လှေအချို့လည်း ပင်လယ်ပြင်တွင် ငါး/ပုစွန် ဖမ်းဆီးလျက်ရှိသည်။

ရန်ကုန်မြို့ ပုဇွန်တောင်ဆိပ်ကမ်းရှိ ညောင်တန်းဖောတံတားနှင့် ကြည့်မြင်တိုင် အမ်အန်ဂျီဆိပ်ခံတံတားသို့ ငါးသယ်စက်လှေများ ဇူလိုင် ၁၂ ရက်တွင် စတင်ဝင်ရောက်ခဲ့သည်။

“ငါးဖမ်း စက်လှေတွေက ပင်လယ်ပြင်ရာသီဥတု သာယာမှု မရှိတာကြောင့် သုံးစင်းမှာတစ်စင်းပဲထွက်တာပါ။ ဒီနေ့မှာ ငါးသယ်စက်လှေတွေ ဝင်လာကြပြီး ရေငန်ထွက်ကုန်အမယ် ၃၀ နီးပါး ဆိပ်ကမ်းကိုဝင်လာပါပြီ။ ရေငန်ထွက်ကုန်ဝင်လာပြီဆိုတော့ ရေချိုငါးဈေးနှုန်း ကျသွားနိုင်ပါတယ်” ဟု ကြည့်မြင်တိုင်စံပြငါးဈေးရှိ အမ်အန်ဂျီဆိပ်ကမ်းမှ ရေလုပ်ငန်းရှင် ဒေါ်တင်နွဲ့ကပြောသည်။

**အောင်သန်းဦး**

**ဓာတ်ပုံ – ကိုကိုလွင်**

# ပြင်ဦးလွင်မြို့၌ စဉ်ဆက်မပြတ်ဆေးပညာလေ့လာမှုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၁၃**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့တွင် ပြင်ဦးလွင်ခရိုင်ကုသရေးဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ Special CME Program on Malaria and Dengue Management Prevention and Control စဉ်ဆက်မပြတ်ဆေးပညာလေ့လာမှု အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ( ပြင်ဦးလွင်)ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။



**ဆွေးနွေးတင်ပြ**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး အထူးကုဆရာဝန်ကြီး(ဆေးပညာ)နှင့် အထူးကုဆရာဝန်(ကလေး)တို့က Malaria and Dengue Management Danger Sign များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာချမ်းငြိမ်းက Malaria and Dengue Management Prevention and Control အကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတာဝန်ခံများက သိလိုသည်များ မေးမြန်းမှုအပေါ် ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများနှင့် ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သားခိုတောင်သို့ ရောက်ခဲ့သည်

မြင့်စိုး(နတလ)

**မဟာလှေကားပန်းများနှင့် ကျွန်တော်**

သားခိုတောင်သို့ ရောက်လျှင်ရောက်ချင်း ကျွန်တော့်နားထဲမှာစွဲသွားသည့် ပန်းတစ်မျိုး၏ အမည်ဖြစ်သည်။ မြန်မာအမည် "မဟာလှေကားပန်း"၊ အင်္ဂလိပ်လိုတော့ Buttercup tree, Yellow Cotton tree, Silk Cotton tree ဟု ခေါ်ကြပြီး Family မျိုးရင်းမှာ Bixaceae ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနှင့် အိန္ဒိယတိုက်ငယ် အပူပိုင်းဒေသများတွင် ပေါက်ရောက်တတ်သော သစ်မာမျိုးဖြစ်ကာ ၂၅ ပေလောက်အထိ မြင့်မားတတ်ကြောင်း သိရသည်။ ဘုရားကုန်းတော်တစ်ဝိုက်၌ ပေ ၂၀ နှင့် ၂၅ ပေ အမြင့်ခန့်ရှိ မဟာလှေကားပန်းပင်များ ဇန်နဝါရီလ ဒုတိယပတ်လောက်တွင် အပွင့်ပွင့်တတ်ကြောင်း၊ မဟာလှေကားပန်းများပွင့်ချိန်၌ အခြားအပင်များဖြစ်သည့် သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်တို့သည် အရိုးပြိုင်းအရွက်ကျနေချိန်ဖြစ်၍ ရွှေဝါရောင်အဆင်းနှင့် မဟာလှေကားပန်းတို့၏အလှက ပို၍သက်ဝင်ထင်ရှား တင့်တယ်လှပနေကြောင်း ဒေသခံတို့ကဆိုကြ၏။ ထို့ပြင်တစ်ဝမဟာလှေကားပန်း၏ အဆင်းကို မြတ်စွာဘုရား၏ အသားအရေတော်နှင့်လည်း ခိုင်းနှိုင်းကြည်ညိုကြကုန်၏။ သည့်အတွက်ကြောင့်ပေလားမသိ၊ နေပြည်တော် သပြေကုန်း မစိုးရိမ်တိုက်သစ်မှ ဆရာတော် ဦးအဂ္ဂဓမ္မ ဦးဆောင်သော ဘုရားဖူးအဖွဲ့ဒါယကာ ဒါယိကာမ ၆၀ ခန့်သည် သားခိုတောင်ရှိ မဟာအတုလလောကရန်အောင် စေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ရင်း မြတ်စွာဘုရားအား ရည်မှန်း၍ မဟာလှေကားပန်းများကိုပါ ကြည်ညိုစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း ကြားသိခဲ့ရပါသည်။ မိုးတွင်းကာလမို့ မဟာလှေကားပန်းပွင့်များကို မမြင်ခဲ့ရသော်လည်း စေတီတော်ကြီးအနီးပေါက်နေသော ပန်းပင်ငယ်အောက်တွင် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့၏။ အဆင်းနှင့်အချင်းရှိသော ပန်း၊ သစ္စာဉာဏ်အလင်းကို ရစေသောပန်းဖြစ်သောကြောင့် ဝန်ကြီးပဒေသရာဇာက မောက်မိုအင်ကြင်း၊ နီဝင်းဇော်တ သော်ကလေ၊ မဟာလှေကား၊ ဆတ်သွားလှိုင်ပျံ့၊ ကြိုင်နံ့မွှေးဟူ၍ လည်းကောင်း၊ မြဝတီမင်းကြီးဦးစက မဟာလှေကား၊ ဆတ်သွားမဥ္ဇူ၊ ပျဉ်းဖြူတည့်အနန်းဟူ၍ လည်းကောင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီးက မဟာလှေကား၊ စံကားရွှေနွယ်၊ ရွှေရောင်ဓာတ်သန်း၊ လျှပ်ပန်းသဖွယ် ရှုမခန်းပ၊ ဆန်းဆန်းကြယ်ကြယ်၊ တိုက်အလုံး ရွှေအုံးဆင်သခြယ်ဟူ၍ လည်းကောင်း တင်စားဖွဲ့ဆိုခဲ့ကြကြောင်း တွေ့ရသည်။ ထူးခြားချက်တစ်ခုမှာ



ရှေးဟောင်းသမိုင်းဝင် သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား တွေ့ရစဉ်။

မဟာလှေကားပန်းပင်များသည် သားခိုတောင်တစ်ဝိုက်တွင်သာ ပေါက်ရောက်ကြပြီး ပတ်ဝန်းကျင်အခြားနေရာဒေသများ၌ မတွေ့ရဟု ကြားသိခဲ့ရ၏။

**လာလိုလျှင်အနီးလေး ခရီးမဝေးလှပါ**

သားခိုတောင်သို့ သွားလိုပါသလား၊ လမ်းညွှန်ပေးပါမည်။ တပ်ကုန်းမြို့ကိုကျော်ပြီး မိနစ်အနည်းငယ်မျှ ကားမောင်းလိုက်လျှင် ကြို့ပင်သာရွာလမ်းခွဲသို့ရောက်ပါမည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဖောက်လုပ်ထားသော ကွန်ကရစ်လမ်းအတိုင်း လမ်းဘေးဝဲယာရှိ ရေတွင်းဖြူ၊ မန်ကျည်းပင်၊ ညောင်ပင်သာ၊ ချောင်းခွ၊ ရွေးစု၊ ရှားတုံးအိုင်၊ ဖောင်းတော၊ ညောင်ကိုင်း၊ ကျောင်းကုန်း၊ ဥယျာဉ်၊ ပင်သောင်၊ ကျွဲလည်ပင်း၊ ကျောက်စရစ်ကုန်းရွာများကို ဖြတ်ပြီးပါက ခရိုင်ချင်းဆက်ကတ္တရာလမ်းကို ရောက်ပါမည်၊ ထိုလမ်းမှ ဆူးတပ်ရွာကိုဖြတ်ကာ ဂဝံလမ်းအတိုင်း အုန်းပင်အရှေ့၊ အုန်းပင်အနောက်ရွာများရှိရာကို မောင်းလာခဲ့လျှင် သားခိုတောင်ပေါ်က မဟာအတုလလောကရန်အောင် စေတီတော်ကို လှမ်းမြော်ဖူးတွေ့ရပါပြီ။ ကြို့ပင်သာမှ အရှေ့မြောက်ယွန်းယွန်း ခန့်မှန်းမိုင် ၂၀ အကွာတွင် တည်ရှိပြီး ဖြည်းဖြည်းနှင့် မှန်မှန်ဆိုလျှင် ကားမောင်းချိန် မိနစ် ၄၀ မျှသာ ဖြစ်ပါ၏။ လမ်းတစ်လျှောက်တွင်တွေ့ရသော ကျေးရွာလေးများ၏ အနေအထားကလည်း သာသာယာယာရှိပါသည်။ ကျေးလက်သဘာဝစိုက်ပျိုးလုပ်ကိုင်နေမှုများကိုလည်း တွေ့ရမည်။ ကားလမ်းကလည်း မောင်းရတာ အဆင်ပြေပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နေပြည်တော်ကောင်စီ၏ ခွင့်ပြုရန်ပုံငွေဖြင့် သားခိုတောင် အတက်လမ်း ၅ ဖာလုံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂဝံလမ်းခင်းခဲ့ပြီး ယခု ဘဏ္ဍာနှစ် ၂၀၂၅-၂၀၂၆ တွင် ၃ ဒသမ ၇၉ ဖာလုံကို ကွန်ကရစ်လမ်း ခင်းပေးမည်ဖြစ်ပါသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် အုန်းပင်ရွာမှ တောင်ပို့သာရွာနှင့် သစ်ဆိမ့်ပင်ကျေးရွာအုပ်စုသို့ သွားသည့်လမ်းပေါ်ရှိ လယ်ငယ်ချောင်းကူး ပေ ၃၀၀ သံကူကွန်ကရစ်တံတားတစ်စင်းကိုလည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ပေးလျက်ရှိသည်။

**သားခိုတောင်ဆိုသည်မှာ**

ယခုမှ သားခိုတောင်ရာဇဝင်ကို စာတင်ကာ ပြောရပါတော့မည်။ ၅၅၀ နိပါတ်တော်၌ အစကြိုးကြာ ၁၆ ခါတည်း၊ ဟင်္သာ ကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျေးညို သုံးခါ၊ သံသာကျူးမိန့် ကရဝိက်ငါး၊ လေးကား ကိန္နရာ၊ စာမရီ ၁၅၊ မျောက်ကား ၁၀၊ ဆင်ဝယ် ၁၁၊ နွားဖြစ် ၁၄၊ ဇကေ တစ် သိန္ဓော၀၊ ကျွဲ အဠ ရှစ်ဘဝနှင့် သံမြသာညောင်း ဥဒေါင်း နှစ်ခါ၊ သာလိကာသတ္တ ခုနစ်၊ ဒွါသေ ၁၂ ကြက်၊ ဝက် ၁၃ ပေါင်းစုရုံးကာ သံသရာဝယ်ဆိုသည့် စကားနှင့်အညီ ဘုရားလောင်းကျွဲမင်းဘဝတွင် ရှစ်ဘဝ ကျင်လည်ခဲ့သည်ဟု ဆို၏။ ဘုရားလောင်းကျွဲဘဝ ရှစ်ဘဝထဲမှ တစ်ဘဝသည် သားခိုတောင်နှင့် ဆက်စပ်နေသည့် သဘောတွေ့ရသည်။

ပေစာကျောက်စာများဖြင့် ရေးထိုးထားသည့် သမိုင်းအထောက်အထား မရှိသော်ငြားလည်း တွေ့ရှိရသည့် ရှေးဟောင်းလက်ရာများနှင့် ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့် နှုတ်ထွက်အကျွရာတို့ကို စုစည်းကာ ၂၀၁၈ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုကျေးဇူးဖြင့် သားခိုတောင်တော်၏ သမိုင်းမှတ်တမ်းအကျဉ်းကို ဖတ်ရှုလေ့လာခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။ အုန်းပင်ရွာ မင်္ဂလာရန်အောင်ကျောင်းတိုက်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ စုပေါင်းကထိန်ခင်းရာမှ အစပြုခဲ့သည်ဟု ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဖိုးဆယ်၊ အတွင်းရေးမှူး ဦးစိုးမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်မြင့်နှင့် ဦးကျော်ညွန့်လှိုင်၊ အုန်းပင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းတို့နှင့် စကားဝိုင်းဖွဲ့ရင်း သိခွင့်ရခဲ့၏။ သားခိုတောင်နှင့် ပတ်ဝန်းကျင်တွင် တည်ရှိနေသည့် ရှေးဟောင်းလက်ရာများနှင့် လယ်ယာမြေများမှ တွေ့ရှိရသည့် မြေအိုး၊ မြေဆေးတံ၊ မြေပုတီးစေ့များ၊ အုတ်ချပ်ကြီးများသည် ပုဂံခေတ်ထက်စော၍ ပျူခေတ်လက်ရာ သမိုင်းအထောက်အထားများဖြစ်နိုင်ကြောင်း ဖော်ပြထားပါသည်။ သမိုင်းအကျဉ်းကို ဆက်ပါဦးမည်။

**ဘုရားလောင်းကျွဲမင်း၏ ဘဝဖြစ်စဉ်**

သားခိုတောင်တည်ရှိရာအရပ်တွင် ဒေဝဒတ်ကျွဲမင်းနှင့် ကျွဲမ ၅၀၀ ကျက်စားခဲ့ကြရာ ကျွဲမများသန္ဓေတည်ပြီး ကျွဲပေါက်လေးများ မွေးဖွားလာချိန်၌ အမဖြစ်လျှင် အသက်ရှင်ခွင့်ပေးပြီး အထီးမွေးလာပါမူ ဒေဝဒတ်ကျွဲမင်းက ၎င်း၏ဦးချိုဖြင့်ခတ်၍ သတ်လေ့ရှိကြောင်း၊ မိခင်ကျွဲမကြီးသည် ဘုရားလောင်းကျွဲမင်းအား ပဋိသန္ဓေဆောင်ချိန်တွင် ဒေဝဒတ်၏ရန်ကို

စာမျက်နှာ ၇ သို့ ❂



သားခိုတောင်ပေါ်ရှိ ဘုရားလောင်းကျွဲမင်းနှင့် မိခင်ကျွဲမကြီးရုပ်တုကို တွေ့ရစဉ်။

> သားခိုတောင်တွင် ရှေးဟောင်းအုတ်ချပ်ကြီးများနှင့် တည်ဆောက်ထားသော အုတ်လှေကားများ ကျန်ရှိနေပါသေးသည်။ အုတ်ချပ်များ၏ အရွယ်အစားမှာ အလျား ၁၅ လက်မ၊ အနံ ခုနစ်လက်မမှ ရှစ်လက်မအရွယ်များဖြစ်ကြ၏။ သားခိုတောင်၏တောင်ဘက် တစ်မိုင်ခန့်တွင် စအုန်းမြို့ရှိခဲ့ပြီး မြို့ရိုးပုံသဏ္ဌာန် အုတ်ချပ်များသည်လည်း အလျား ၁၅ လက်မ၊ အနံ ခုနစ်လက်မ / ရှစ်လက်မအရွယ်များဖြစ်ကြောင်း၊ ၎င်းပတ်ဝန်းကျင်ရှိ လယ်မြေယာမြေများမှ မြေအိုး၊ မြေပန်းကန်၊ မြေခွက်၊ မြေပုတီးစေ့၊ မြေဆေးတံများ ရခဲ့ဖူးကြောင်း၊ ရှေးယခင်က တည်ဆောက်ခဲ့သည့် ရေကျိုးပုံသဏ္ဌာန်များလည်း ကျန်နေသေးကြောင်း၊ သက်ကြီးစကားသက်ငယ်ကြားအနေဖြင့် လယ်ပယ်၊ ပက်ပိုင်း၊ ဘော်၊ ညောင်ကိုင်း၊ စအုန်း စသည့် မြို့များ ရှိခဲ့ဖူးကြောင်းသိရပြီး ပျူခေတ်လက်ရာများဖြစ်နိုင်

❂ စာမျက်နှာ ၆ မှ

ရှောင်တိမ်းပုန်းခိုနေရသည့်တောကို ပုန်းတော (ယခု ပိန်းတောကျေးရွာ)၊ တောင်စောင့်နတ်မင်းကြီးက သားဝှက်ဂါထာကိုပေးပြီး ပုန်းအောင်းနေထိုင်ရမည့်နေရာ (ယခု သားခိုတောင်နေရာ) အား ညွှန်ပြစောင်မခဲ့သည့်နေရာကို (နတ်မကျေးရွာ)၊ မီးဖွားခါနီး သား၏ကိုယ်ဝန်ကိုလွယ်၍ ခေါ်ဆောင်လာသောတောင်ကို လွယ်ခေါ်တောင်၊ ဒေဝဒတ်ကျွဲမင်း မမြင်စေရန် တောင်ပို့ကြီးနောက်တွင် ပုန်းအောင်းနေခဲ့ရသောနေရာကို (ယခုတောင်ပို့သာကျေးရွာ)၊ ကြာပင်အင်းကျေးရွာတွင် မွေးဖွားခဲ့ပြီး အချင်းကျသောနေရာကို (ယခု ချင်းစုကျေးရွာ) ဟု အမည်နာမများ ခေါ်တွင်ခဲ့ကြကြောင်း ထိုမှတစ်ဆင့် သားငယ်ဘုရားလောင်းကျွဲမင်းအား တောင်ထိပ်တစ်ခုပေါ်သို့ ပို့ဆောင်ဝှက်ထားပြီး ကြီးပြင်းစေခဲ့ရာ ထိုနေရာမှာ ယခုသားခိုတောင်ဟု အမည်တွင်လာခဲ့ကြောင်း၊ သားခိုတောင်၏အောက်တွင် တောင်လေးလုံး ဥမင်သဖွယ် တည်ရှိနေသောနေရာကို ဥမင် (ယခု အုန်းပင်ကျေးရွာ) ဟုခေါ်ကြောင်း လေ့လာသိရှိရပါသည်။

ဘုရားလောင်းကျွဲမင်း ကြီးပြင်းလာသောအခါ ဖခင်ဖြစ်သော ဒေဝဒတ်ကျွဲမင်းနှင့် အားစမ်းရန် စိန်ခေါ်ခဲ့သည့် ရေအိုင်ကြီးနေရာကို (ယခု ညောင်အိုင်ကျေးရွာ)၊ ဒေဝဒတ်ကျွဲမင်းက အနီးရှိ ညောင်ပင်ကြီးအား ဦးချိုဖြင့်ခတ်ပြရာ လွင့်စဉ်ကျရောက်သွားသောနေရာကို (ယခု တပ်ကုန်းမြို့မြောက်ဘက်ရှိ ညောင်လွန့်ကျေးရွာ)၊ ဘုရားလောင်းကျွဲမင်းက အားစမ်းခတ်ပြသော ဆီးဖြူပင်ကြီးမှ ဆီးဖြူသီးများ ရှစ်စိတ်ကွဲ၍ မြေပေါ်သို့ကျခဲ့သည့်နေရာ (ယခု ဇီးဖြူကုန်းကျေးရွာ) တို့ကိုလည်း သူ့အမည်နှင့်သူ ယှဉ်တွဲမှတ်သားခဲ့ရပါသည်။ ဘုရားလောင်းကျွဲမင်းသည် ဖခင်ဖြစ်သူ ဒေဝဒတ်ကျွဲမင်းကို ခွန်အားပြိုင်ရုံသာပြိုင်ခဲ့ပြီး အန္တရာယ်မပြုခဲ့ပေ။ သို့ရာတွင် တစ်ချိန်က ဒေဝဒတ်ကျွဲမင်းသည် သစ်ဆိမ့်ပင်ကြီးတစ်ပင်ကို ဦးချိုဖြင့်ခတ်၍ ဖျက်ဆီးခဲ့ဖူးသောကြောင့် သစ်ဆိမ့်ပင်စောင့် ရုက္ခစိုးနတ်မင်းက ဒေဝဒတ်ကျွဲမင်း ဘုန်းကံကျပြီး နိမ့်ပါးအားနည်းနေချိန်၌ ကျွဲယောင်ဆောင်ကာ ယှဉ်ပြိုင်တိုက်ခိုက်၍ သုတ်သင်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ သစ်ဆိမ့်ပင်ကြီးနေရာ (ယခု သစ်စိမ့်ပင်ကျေးရွာ)၊ ရုက္ခစိုးနတ်မင်းနှင့် ယှဉ်ပြိုင်သောနေရာ (ယခု ဗျိုင်းအင်းကျေးရွာ)၊ ဒေဝဒတ်ကျွဲမင်း လည်ပင်းကျသွားသောနေရာ (ယခု ကျွဲလည်ပင်းကျေးရွာ)၊ ၎င်းသေဆုံးပြီး အရိုးကျသွားသော အရိုးကုန်းရွာ (ယခု မရိုးကုန်းကျေးရွာ) တို့ ဖြစ်ကြောင်းလည်း မှတ်သားခဲ့ရသည်။


မဟာလှေကားပန်းပင်များကြားက ရှေးဟောင်းအုတ်လှေကားကို တွေ့ရစဉ်။


ဘုရားကုန်းပေါ်တွင် ပေါက်နေသော မဟာလှေကားပန်းပင်နှင့် အမှတ်တရ။

**မဟာမေခဃဏ္ဍာ ခေါင်းလောင်းတော်နှင့် ရှေးဟောင်းအုတ်လှေကားများ**

သားခိုတောင် ကုန်းတော်ပေါ်မှ ဉာဏ်တော် ၂၁ တောင်ရှိ မဟာအတုလ လောကရန်အောင်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ကပ်လှူခဲ့သည်။ သက်တမ်း ၂၄၅ နှစ်၊ အလေးချိန်ပိဿာ ၁၀၀ ရှိ ခေါင်းလောင်းငယ်၊ သက်တမ်း ၁၁၈ နှစ်၊ အလေးချိန်ပိဿာ ၃၈၀ ရှိ ခေါင်းလောင်းကြီးတို့ကို မဟာမေခဃဏ္ဍာ မိုးကောင်းခေါင်းလောင်းတော်များဟု ခေါ်ဆိုခဲ့ကြပြီး စေတီတော်ကြီးဌာပနာတွင် မြတ်စွာဘုရား၏အရိုးဓာတ်တော်များ ပါဝင်ကြောင်း ရေးထိုးထားပါသည်။

သားခိုတောင်တွင် ရှေးဟောင်းအုတ်ချပ်ကြီးများနှင့် တည်ဆောက်ထားသော အုတ်လှေကားများ ကျန်ရှိနေပါသေးသည်။ အုတ်ချပ်များ၏ အရွယ်အစားမှာ အလျား ၁၅ လက်မ၊ အနံ ခုနစ်လက်မမှ ရှစ်လက်မ အရွယ်များဖြစ်ကြ၏။ သားခိုတောင်၏ တောင်ဘက် တစ်မိုင်ခန့်တွင် စအုန်းမြို့ရှိခဲ့ပြီး မြို့ရိုးပုံသဏ္ဌာန် အုတ်ချပ်များသည်လည်း အလျား ၁၅ လက်မ၊ အနံ ခုနစ်လက်မ / ရှစ်လက်မ အရွယ်များ ဖြစ်ကြောင်း၊ ၎င်းပတ်ဝန်းကျင်ရှိ လယ်မြေယာမြေများမှ မြေအိုး၊ မြေပန်းကန်၊ မြေခွက်၊ မြေပုတီးစေ့၊ မြေဆေးတံများ ရခဲ့ဖူးကြောင်း၊ ရှေးယခင်က တည်ဆောက်ခဲ့သည့် ရေကျိုးပုံသဏ္ဌာန်များလည်း ကျန်နေသေးကြောင်း၊ သက်ကြီးစကား သက်ငယ်ကြားအနေဖြင့် လယ်ပယ်၊ ပက်ပိုင်း၊ ဘော်၊ ညောင်ကိုင်း၊ စအုန်း စသည့်မြို့များ ရှိခဲ့ဖူးကြောင်း သိရပြီး ပျူခေတ်လက်ရာများ ဖြစ်နိုင်ကြောင်းလည်း ကြားသိခဲ့ရပါသည်။ ပက်ပိုင်းမြို့ဆိုသည်မှာ ယခု တောင်ပို့သာကျေးရွာနေရာတွင် တည်ရှိခဲ့ပြီး အိမ်ဆောက်ရန်တွင်းတူးသည့်အခါ အဆိုပါအုတ်ချပ်ကြီးများကို တွေ့ရှိရတတ်ကြောင်း ဒေသခံများက ပြောကြသည်။ သားခိုတောင်၏ တောင်ခြေတွင် ရှိနေကြသော နဂါးဦးခေါင်းပုံထီးတော်နှင့် တည်ထားသည့် နဂါးခေါင်းထီးတော်စေတီ၊ မနုသီဟဖင်နှစ်ခွရုပ်တုနှင့်စေတီ၊ မြတ်ငါးဆူဘုရား၊ ကိုးနဝင်းစေတီတို့ကိုမူ အနီးကပ်ဖူးမြော်လေ့လာခြင်း မပြုရသေးပါ။ ထပ်မံဖူးမြော်ခွင့်ရမည်ဟု ယုံကြည်ထားပါသည်။

**သားခိုတောင်ဘုရားပွဲတော်**

နှစ်စဉ် ပြာသိုလပြည့်နေ့မှအစပြု၍ လပြည့်ကျော် ၂ ရက်နေ့ထိ သုံးရက်တိုင်တိုင် ဘုရားပွဲကျင်းပပြုလုပ်ကြောင်း သိရသည်။ ရှေးယခင်ကာလက ပန်တျာကြည်လင်တို့လို ဇာတ်အဖွဲ့ကြီးများ လာရောက်ကပြကြသကဲ့သို့ တင်မောင်ဆန်းမင်းဝင်းတို့လည်း လာရောက်ဖူးကြောင်း၊ တေးသံရှင် ဟသာၤတထွန်းရင်သည်ပင်လျှင် ဇာတ်အဖွဲ့တစ်ဖွဲ့နှင့် ပါလာခဲ့ဖူးကြောင်း အမှတ်တရပြောပြကြသည်။ ဘုရားပွဲရက်ကို တွက်ကြည့်လိုက်သောအခါ လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဖြစ်ပါလိမ့်မည်။ ဘုရားပွဲတော်ရက်တွင် ကြုံဖူးအောင် တစ်ခါတစ်ခေါက်လောက် ထပ်မံ၍ ရောက်ဖူးချင်စမ်းပါဘိ။ ။

# သတ္တုသန့်စင်ခြင်းဆိုင်ရာ နည်းပညာသုတေသနလုပ်ငန်းများနှင့် နည်းပညာပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့တွင် နည်းပညာ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒြပ်ပစ္စည်း သိပ္ပံသုတေသနဌာန (အေလာ)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူသည့် ရွှေစင်ပြားများ၏ အရည်အသွေးကို တိုင်းတာစစ်ဆေးခြင်း၊ Electric Vehicle (EV) သုံး ဘက်ထရီဆိုင်ရာ ဒြပ်ပေါင်းများ စမ်းသပ်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ဘက်ထရီများ စီမံခန့်ခွဲခြင်း၊ လျှပ်စစ်စွန့်ပစ်ပစ္စည်းများမှ အဖိုးတန်အသုံးဝင်သော သတ္တုများစမ်းသပ်ထုတ်လုပ်ခြင်း၊ သတ္တုသန့်စင်ခြင်းဆိုင်ရာ နည်းပညာ သုတေသန လုပ်ငန်းများနှင့် နည်းပညာပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်တွင် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ခဲ့သည့် ခေတ်မီနောက်ဆုံးပေါ် EV ဘက်ထရီ အမျိုးအစား သုတေသနပြုစမ်းသပ်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အလေးထားလိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အမှန်တကယ် အကျိုးပြုမည့် နည်းပညာ သုတေသနများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားရန် ပြောကြားသည်။

**ပေးအပ်**

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက် တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား သုတေသန ဂုဏ်ပြုဆုများ၊ လုပ်သက်ရင့်



သက်ကြီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် ဇလသတ္တုဗေဒဌာနရှိ EV ဘက်ထရီဆိုင်ရာသုတေသနလုပ်ငန်းများ၊ အဂ္ဂိသတ္တုဗေဒဌာနစုရှိ သုတေသနလုပ်ငန်းများ၊ သံ၊ သံမဏိနှင့် သတ္တုစပ် ထုတ်လုပ်ရေးဌာနရှိ Ferro Manganese Alloy ထုတ်လုပ်ခြင်း၊ ဆိုလာပြားထုတ်လုပ်ရေး အထောက်အကူပြု အရည်အသွေးမြင့် ဆီလီကွန်သတ္တု (Metallurgical Grade Silicon) စမ်းသပ်ထုတ်လုပ်ခြင်းနှင့် Ferro Silicon စမ်းသပ်ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများ၊ တွင်းထွက်ဗေဒဌာနရှိ သတ္တုရိုင်းများရှာဖွေမှုဆိုင်ရာ သုတေသနပြုခြင်း စသည့်လုပ်ငန်းများမှ သုတေသနပြု ရလဒ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ငလျင်သင့်ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မျိုးရွေးချယ်ခြင်းအခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ ညနေပိုင်းက ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးနှင့် မြတ်လေးလမ်းသို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေ၊ နိုင်လွန်ကတ္တရာလမ်း(AC) ခင်းကျင်းနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေး၊ လုပ်ငန်းသုံးကျောက်များ သတ်မှတ်အရွယ်အစားအတိုင်း အသုံးပြုရေးတို့ကိုမှာကြားကာ လုပ်ငန်းဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိ ရေလှောင်တမံသို့သွားရောက်၍ ယာယီရေတားတမံ တည်ဆောက်ထားရှိပြီး ရေထုတ်ပြွန် ပြန်လည်ပြင်ဆင်နေမှု အခြေအနေများ၊ ရေပိုလွှဲ ဆောင်ရွက်ထားရှိမှုနှင့် ရေလွှဲမြောင်း ဖောက်လုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် လယ်ဝေးမြို့နယ် ကြို့တန်း-ညိုပင်-ကွေ့ကြီး ကျေးရွာချင်းဆက်လမ်း၌ နေပြည်တော်ကောင်စီမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပိတောက်ပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် တမာ၊ ပိတောက်၊ ကုက္ကို၊ မန်ကျည်း စုစုပေါင်းပျိုးပင် ၅၀၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ ညိုပင်ကျေးရွာအဝင်လမ်းပြုပြင်ရန်အတွက် မတည်ရန်ပုံငွေများပေးအပ်သည်။



ထို့နောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ကွင်းအမှတ်(၁၆၅၉) တောင်သူ ဦးမျိုးနိုင်ဦး၏ လယ်ယာမြေတွင်ကျင်းပသည့် တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မျိုးရွေးချယ်ခြင်း အခမ်းအနားသို့တက်ရောက်၍ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ တောင်သူများကိုယ်တိုင် သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲရေးတို့ကိုမှာကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးထားသော မျိုးစပါးစမ်းသပ်စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် အင်ကြင်းပန်းအဝိုင်းအနီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှု၊ ရာဇသင်္ဂဟလမ်းနှင့် ရာဇဌာနီလမ်းများ ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော လမ်းပိုင်းများပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC)ခင်းကျင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် ဓာတ်မြေဩဇာပေးအပ်ခြင်း အခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ခြင်းနှင့် ဓာတ်မြေဩဇာ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြန်မာ့ဆန်စပါး သုတေသနခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး မန်နေဂျာတို့က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေများနှင့် ဓာတ်မြေဩဇာများကို ပေးအပ်ကြပြီး တောင်သူများ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ တောင်သူ ဒေါ်အေးအေးပိုင်၏ လယ်မြေ ၁၀ ဧကတွင် လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်နေမှု၊ တိုက်ရိုက်အစေ့ချ ကိရိယာဖြင့် သရုပ်ပြစိုက်ပျိုးနေမှု၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြနေမှု၊ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြနေမှုများကို ကြည့်ရှုအားပေးပြီး တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် သရုပ်ပြစိုက်ပျိုးခဲ့သည့် တောင်သူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှည်းကူးမြို့နယ် မြတ်မင်းကုမ္ပဏီ၏ ကြက်နှင့် ဝက် မွေးမြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မွေးမြူရေးခြံတွင် မွေးမြူမှုလုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ ရုံးပတီစပ်မျိုး စမ်းသပ်စိုက်ကွင်းအား ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း ဇူလိုင် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား) ဦးအောင်ပြည့်စိုးသည် မြို့နယ်သမဝါယမဦးစီးဌာနမှ အသင်းတာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက မကျီးပင်ကျေးရွာ၌ မိုးစပါး ၇၃ ဧက စိုက်ပျိုးရန် ထယ်ရေးပြင်ဆောင်ရွက်ထားရှိမှုများနှင့် အသင်းသား ရှစ်ဦး၏ ရုံးပတီစပ်မျိုး ၁၀ ဧက စမ်းသပ်စိုက်ပျိုးမည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ကုမ္ပဏီနှင့် ပေါင်းစပ်၍ တောင်သူများက Contract Farming စနစ်ဖြင့် ရုံးပတီစပ်မျိုးများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေး၊ မြေယာပြုပြင်ချိန်အတွင်း စက်ကိရိယာများလိုအပ်ပါက လယ်ယာဝန်ဆောင် သမဝါယမပိုင်စက်များ လိုအပ်သလို ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ ထွက်ရှိလာသည့် စိုက်ပျိုးသီးနှံများကို ကုမ္ပဏီနှင့် ချိတ်ဆက်၍ ဈေးကောင်းရရှိအောင် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးမည့်အစီအစဉ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် ဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု



**မော်လမြိုင် ဇူလိုင် ၁၃**

မွန်ပြည်နယ်အတွင်း စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပြည်နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဦးသည် ပေါင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းယုနှင့်အတူ အိပ်မက်သစ်မြစိမ်းရောင်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးမြရွှေ၏ မိုးစပါးစိုက်ကွင်း၊ ပေါ်ဆန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဌေးဦး၏ မိုးစပါးစိုက်ကွင်းနှင့် ရွှေထူးလေးလယ်ယာနှင့် အထွေထွေသမဝါယမ အသင်းမှ အသင်းသားတောင်သူ ဦးရွှေရီ၏ မိုးစပါးစိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှု၍ စိုက်ကွင်းများတွင် ပေါင်းမြက်များ အချိန်မီ ရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားရန်နှင့် မြေဩဇာ/သွင်းအားစုများ သတ်မှတ်ချိန်အမီ အချိုးကျထည့်သွင်းသွားနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ပြည်နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်တာဝန်ခံဦးစီးအရာရှိ ဒေါ်မိုးမိုးကျော်ညွှန့်သည် သထုံမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာစိုးနှင့်အတူ သရက်တောလယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကြီးစိန်၏ မိုးစပါးစိုက်ကွင်းနှင့် ဒေးဗရိန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးလှမ်းမိုး၏ မိုးစပါးစိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုပြီး မိုးစပါးများ အပင်သန်ကြီးထွားနေမှု၊ ပေါင်းမြက်များ အချိန်မီ ရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားရန်နှင့် မြေဩဇာ/သွင်းအားစုများ သတ်မှတ်ချိန်အမီ အချိုးကျထည့်သွင်းနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပန်းတောင်းမြို့နယ်အတွင်း မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေး

ပန်းတောင်း ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပန်းတောင်းမြို့နယ်အတွင်း မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် သရက်လိပ်ကျေးရွာအုပ်စုရှိတောင်သူ ဦးရဲဇော်၏ ပေါင်ကြီးတင်စနစ်ဖြင့် မိုးနှမ်း ၁၀ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသခံနှမ်းစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပေါင်ကြီးတင်စိုက်ပျိုးနည်းစနစ်သို့ မဖြစ်မနေပြောင်းလဲစိုက်ပျိုးသွားရန်နှင့် နှမ်းစိုက်တောင်သူများထံသို့ အထွက်နှုန်းကောင်း နှမ်းမျိုးကောင်းမျိုးသန့်များ လွှမ်းခြုံရရှိနိုင်ရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန်းတောင်းမြို့နယ်အတွင်းရှိ နှစ်စဉ်ရေကြီးနစ်မြုပ်သော မိုးစပါးစိုက်ဧက ၁၇၇၈ ဧကအား ကာကွယ်ပေးနိုင်ရေး သရက်လိပ်ကျေးရွာအုပ်စုအတွင်းရှိ သူရဲဇီးချောင်းတံတား ရေတံခါးတပ်ဆင်ခြင်း၊ ကြခတ်ရပ်ကွက်အတွင်းရှိ ကြခတ်အနောက် ချောင်းတံတားရေတံခါးတပ်ဆင်ခြင်းနှင့် စည်သာရပ်ကွက်အတွင်းရှိ ဒီဒုတ်ချောင်းတံတား ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်နိုင်သည့် မိုးစပါးစိုက်ဧကများအတွက် ကြိုတင်ပျိုးထောင်ခြင်းစနစ်ဖြင့် ကာကွယ်သွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ နှစ်စဉ်ဘတ်ဂျက်လျာထားတင်ပြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် မကြီးထုံးကျေးရွာအုပ်စုရှိ မိုးစပါးစိုက်ဧကများ စုပေါင်းခါတ်မြေဩဇာကြဲပက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ကျစေရေး သဘာဝမြေဩဇာများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲသွားရန်၊ သီးထပ်စွမ်းအား တိုးတက်စေရေး ဆောင်ရွက်ရန်၊ မိုးစပါးအား သက်တမ်းတိုပြီး ပန်းတိုင်အထွက်နှုန်းရရှိသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးသွားရန်နှင့် မြေဆီဩဇာကောင်းမွန်စေရေး မိုးစပါးပြီးပါက ပဲသီးနှံတစ်မျိုးမျိုးစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ဥရှစ်ပင်မြို့ရှိ MSME လုပ်ငန်းရှင် ဒေါ်ထက်ထက်အိ၏ "ခနမြေပဲဆီ (ဆုံဆီ)"လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းဖြစ်ခြင်း၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းဖြစ်ခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးနှင့် ပြည်ပနိုင်ငံများသို့ ပို့ဆောင်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ဟင်္သာတမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ ကွင်းသရုပ်ပြပွဲနှင့် မိုးစပါးထွန်တုံးပိတ် စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

ဟင်္သာတ ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကရင်စုကျေးရွာတောင်သူ ဦးလှစိုးပိုင်၏ လယ်မြေ လေးဧက၌ ယနေ့နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် ကောက်စိုက် စက်ဖြင့် စိုက်ပျိုးခြင်း၊ ကွင်းသရုပ်ပြပွဲနှင့် မိုးစပါးထွန်တုံးပိတ်စိုက်ပျိုးပွဲအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမျိုးမြင့်က မိုးစပါးစိုက်ပျိုးနည်းစနစ်များအလိုက် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဟင်္သာတခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တောင်သူ ဦးလှစိုးပိုင် လယ်မြေ လေးဧက၌ Kubota ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းပြုလုပ်ရာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ တောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်အောင်မြို့နယ်၌ ကျွဲတဲကုန်း-လေးဗမောလမ်း မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

မြန်အောင် ဇူလိုင် ၁၃

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်သည့် ကျွဲတဲကုန်း-လေးဗမောလမ်း မြေသား တာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက ဟင်္သာတခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာနမှ တာဝန်ရှိသူများက သွား ရောက် ကြည့်ရှုစစ်ဆေးသည်။



ကျွဲတဲကုန်း-လေးဗမောလမ်း မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ဟင်္သာတခရိုင်)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၂ ရွာရှိ ဒေသခံပြည်သူများ အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမို ကောင်းမွန် အကျိုးပြုမည်ဖြစ် ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဂန့်ဂေါမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

ဂန့်ဂေါ ဇူလိုင် ၁၃

မိုးရာသီကာလ၌ ခြင်ကြောင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေးအတွက် ဂန့်ဂေါမြို့နယ် ကျန်းမာရေးမှူး (၁) ဦးထွန်းဇော်လင်း ဦးဆောင်သည့်အဖွဲ့နှင့် ပူးပေါင်းအဖွဲ့က ဂန့်ဂေါမြို့



မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၌ ဇူလိုင်လဒုတိယပတ်အတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ရေတင်ကျန်နိုင်သော ဘူးခွက်များ၊ ရေပုံးရေအိုးများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတိုင်ကီ၊ ကျောက်စည်ပိုင်း၊ အုတ်ရေကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ခြင်ဆေးမှုတ်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရေးတို့ကို အရှိန်အဟုန်မြှင့်ကာ ကြိုတင်ကာကွယ်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

စိန်ကျော်

# တိုက်ကြီးမြို့နယ် ဂျီအီးစီပညာရေးဝန်ထမ်းများ သမဝါယမအသင်း အစည်းအဝေးကျင်းပ

တိုက်ကြီး ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ဂျီအီးစီပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(တိုက်ကြီး) အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဂျီအီးစီသမဝါယမအသင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းထွန်းက အသင်းသား အသင်းသူများ သက်သာချောင်ချိရေးနှင့် လူမှုစီးပွားဘဝမြင့်မားလာစေရေး ဆောင်ရွက်ရန်တို့ကို ဆွေးနွေးသည်။

ထို့နောက် အမှုဆောင်ဒါရိုက်တာ ဦးကျော်ဟန်သိန်းက အမှုဆောင်အဖွဲ့၏အစီရင်ခံစာကိုလည်းကောင်း၊ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးဆန်းလွင်က အသင်းစာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားပြီး တက်ရောက်လာသည့် အသင်းသား အသင်းသူများက ထောက်ခံအတည်ပြုကာ အသင်းသား ၁၉၁၇ ဦးအတွက် အကျိုးဝေစုကျပ် ၂၆၈၃၈၀၀၀ ကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## တပ်ကုန်းမြို့နယ်၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေး

**တပ်ကုန်း ဇူလိုင် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့အတွင်း သဘာဝဘေးကြောင့် ပျက်စီးမှု၊ ပြန်လည်ဆောင်ရွက်ပေးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး စီမံကိန်းလုပ်ငန်းများ ဆွေးနွေးခြင်းကို ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက မကျီးပင်ကျေးရွာ၊ ညောင်ပင်သာကျေးရွာ တည်ထောင်ပေါ်ပေါက်လာပုံများ၊ သဘာဝဘေးကြောင့် ပျက်စီးမှု၊ ပြန်လည်ဆောင်ရွက်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသော သက်ဆိုင်ရာကော်မတီများက ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ် ကံဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းအခြေပြုကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်

**ဒေးဒရဲ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းအခြေပြု ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ကံဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကျောင်းအခြေပြု ကျန်းမာရေးလုပ်ငန်းများဖြစ်သည့် ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများကို မျှတစွာစားသုံးရေး၊ သန့်လေးသန့်ဖြစ်သော အစာသန့်၊ လက်သန့်၊ ရေသန့်၊ အိမ်သာသန့်အပါအဝင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်စစ်ဆေးခြင်း၊ မုန့်ဈေးတန်းများတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများရောင်းချနိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေဇာလင်း**

## တောင်ကြီးမြို့၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**တောင်ကြီး ဇူလိုင် ၁၃**

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ် ကောင်းမွန်မျှတစေရန်၊ တောတောင်ရေမြေကို ထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရန်၊ ရာသီဥတုမျှတ ကောင်းမွန်စေရန်နှင့် သစ်ပင် စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ တောင်ကြီး ငှက်ဘေးမဲ့တော၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တာဝန်ရှိသူများအား ပျိုးပင်များ ပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများတွင် ပျိုးပင်များ စိုက်ပျိုးကြပြီး ဌာနဆိုင်ရာများ၊ သူနာပြု သားဖွားသင်တန်းကျောင်းမှ သင်တန်းသားသင်တန်းသူများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တောင်ကြီးမြို့ ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ စွယ်တော်၊ မာတာကွတ်၊ ပိတောက်စုစုပေါင်း ပျိုးပင် ၁၁၄၄ ပင် စိုက်ပျိုးခဲ့ကြပြီး ယခုနှစ်မိုးရာသီတွင် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်မြို့နယ်များ၌ ပျိုးပင်ပေါင်း ၂ ဒသမ ၄ သန်း စိုက်ပျိုးရန် လျာထားရာ ယနေ့အထိ ပျိုးပင်ပေါင်း ၂ ဒသမ ၃ သန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာ၌ လမ်းပြကြယ်ကျောင်းစာကြည့်တိုက် ဖွင့်ပွဲကျင်းပ



**ပြင်ဦးလွင် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လွန်ကောင်းကျေးရွာ အထက(ခွဲ)၌ လမ်းပြကြယ် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်ပညာရေးမှူး ဦးကျော်ကျော်မွန်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက ကျောင်းစာကြည့်တိုက်ဖြစ်မြောက်စေရေးနှင့် "လူငယ်နှင့်စာပေ"အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် လမ်းပြကြယ်ကျောင်းစာကြည့်တိုက်ကို ခရိုင်ပညာရေးမှူး ဦးကျော်ကျော်မွန်နှင့် အထက(ပြင်စာ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စာရေးဆရာ ကိုရွှေအောင်သင်းက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာပေများ လှူဒါန်းသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ဗဟုသုတရရှိစေရန် အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ နိုင်ငံခြားသားများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တာချီလိတ် ဇူလိုင် ၁၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်/ မြို့နယ်ဦးစီးမှူးရုံးက ကြီးမှူးကျင်းပသည့် နိုင်ငံခြားသားများနှင့်ပတ်သက်၍ ဟိုတယ်/ မိုတယ်များမှ တာဝန်ခံများအား အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ဆန်ဆိုင်း(ခ) ရပ်ကွက် 1G1 ဟိုတယ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသက်ဆွေဦးက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးဌာနစိတ် တာဝန်ခံ လဝကမှူး ဦးစိုင်းဝန်းလတ်ထွန်းက ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံခြားသားကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်သည့် ဟိုတယ်/ မိုတယ်များမှ တာဝန်ခံများက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးအရာရှိ ဦးသက်ဆွေဦးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဖရုံကန်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းအဖွဲ့ ကွင်းဆင်းဆောင်ရွက်စဉ်။

ကိုကျော် (သုံးခွ)

**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း**



**အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း**




## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး(၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ❖ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ် နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကိုတိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားနေပါက အခမ်းအနားသို့ လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနား ကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

**(၇၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ဝ၄:ဝဝ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ – ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ – ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ဝ၅:ဝဝ အချိန်မှ ၁၈:ဝဝ အချိန်အထိ နတ်မောက်လမ်းအား ဝဏ္ဏဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ဝ၅:ဝဝ အချိန်မှ ၁၈:ဝဝ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွား ပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ဘားအံမြို့၌ ဝန်ထမ်းအငြိမ်းစားမိဘပြည်သူများအား UID(Unique Identity) ဆောင်ရွက်ပေး

ဘားအံ ဇူလိုင် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲက ဘားအံမြို့ အမှတ်(၁) ရပ်ကွက် ကြားတောရဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများအား UID(Unique Identity) များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်က UID (Unique Identity) ပြုလုပ်ပေးရခြင်းနှင့် လူမှုစီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားကာ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်ဦးစီးမှူး ဒေါ်ကေသွယ်စိုးက UID (Unique Identity)ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင်ဝန်ဆောင်မှုများရယူနိုင်ပုံများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများက ဘားအံမြို့နယ်ဦးစီးမှူးရုံးမှ ကွင်းဆင်းဆောင်ရွက်ပေးသော UID (Unique Identity) များကို အငြိမ်းစားမိဘပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



# ကျိုက်လတ်မြို့နယ်၌ ဧရာဝတီတိုင်းလုံးဆိုင်ရာ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပြိုင်ပွဲ ကျင်းပ

ကျိုက်လတ် ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဓမ္မကထိကဂုဏ်ထူးဆောင်ကိုးဘွဲ့ရ ဓမ္မပါလဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရ၏ မွေးနေ့နှင့် ဓမ္မစကြာအောင်ပွဲနေ့အထိမ်းအမှတ် ဧရာဝတီတိုင်းလုံးဆိုင်ရာ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တိလောကမာရဇိန်ဘုရားကြီး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က ဝတ်ရွတ်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပြိုင်ပွဲကျင်းပရာ ကျိုက်လတ်မြို့နယ်ကိုယ်စားပြု ဝတ်ရွတ်အသင်း လေးသင်း၊ ဖျာပုံမြို့နယ်ကိုယ်စားပြု ဝတ်ရွတ်အသင်း သုံးသင်းတို့မှ ယှဉ်ပြိုင်ရွတ်ဆိုပူဇော်ခဲ့ကြကြောင်း သိရသည်။ လှိုင်မင်းအောင်(ပြန်/ဆက်)

# မင်းဘူး(စကု)မြို့နယ် မြေနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာများ၌ ဧရာဝတီမြစ်ရေများ စတင်ဝင်ရောက်

မင်းဘူး ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် မိုးများအဆက်မပြတ် ရွာသွန်းနေသဖြင့် ဧရာဝတီမြစ်ရေများ တဖြည်းဖြည်း မြင့်တက်လျက်ရှိပြီး မြေနိမ့်ပိုင်း ရပ်ကွက်များနှင့် ကျေးရွာများတွင် မြစ်ရေများ စတင်ဝင်ရောက်လျက်ရှိကြောင်း မင်းဘူးခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။



**နှိုးဆော်ဆောင်ရွက်**

"ကျွန်မတို့ မင်းဘူး(စကု)မြို့နယ်က မိုးတွင်းကာလမှာ ရေဘေး၊ လေဘေး၊ မြေပြိုတဲ့ ဘေးအန္တရာယ်တွေ ဖြစ်ပေါ်လေ့ရှိပါတယ်။ ယခုနှစ်မှာ မုတ်သုံမိုးနဲ့ မုန်တိုင်းမိုးတွေကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်ပြီး မင်းဘူးမြို့ အမှတ်(၃) ကမ်းနားရပ်ကွက်တွေ၊ ငွေသောင်ကျေးရွာနဲ့ ထုံးမကြီးကျေးရွာတွေမှာ မြစ်ရေတွေစတင် ဝင်ရောက်နေပါတယ်။ မြစ်ရေသတိပေးချက်နဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ဗွန်လက သတိပေးနှိုးဆော်ခဲ့သလို ယခုအချိန်မှာလည်း မင်းဘူးမြို့ရဲ့ စိုးရိမ်ရေမှတ်ကို ရောက်ရှိတော့မှာဖြစ်လို့ ကျွန်မတို့ဌာနအနေနဲ့ ဆောင်ရန်ရှောင်ရန်နဲ့ ကြိုတင်သတိပေးချက်တွေကို ပြည်သူတွေသတိပြု လိုက်နာဆောင်ရွက်နိုင်စေဖို့ မြစ်ရေဝင်ရောက်နိုင်တဲ့ မြေနိမ့်ပိုင်းဒေသ ရပ်ကွက်နဲ့ ကျေးရွာတွေကို အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ဆောင်ရွက်သွားမှာပါ"ဟု မင်းဘူးခရိုင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အင်ကြင်းစုအောင်က ပြောသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

# ဝါးခယ်မမြို့နယ်၌ မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျမှုဖြစ်ပွားရာ စာသင်ကျောင်းဆောင်ပျက်စီး

ဝါးခယ်မ ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု အထက(ကျွန်းကုန်း) ကျောင်းဝင်းအတွင်း၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျမှုဖြစ်ပွားရာ စာသင်ကျောင်းဆောင်ပျက်စီးခဲ့ကြောင်း သိရသည်။

သစ်ပင်လဲကျမှုဖြစ်ပွားရာတွင် KG ကျောင်းဆောင်နှင့် Grade-1 ကျောင်းဆောင်ရှေ့လျှောက်လမ်း ကော်ရက်တာ တစ်ခန်းမှာ ကျိုးကြေပျက်စီးခဲ့ကြောင်း၊ ဖြစ်ပွားချိန်တွင် ကျောင်းသား ကျောင်းသူများမှာ ကျောင်းဆင်းချိန်ဖြစ်၍ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ သစ်ပင်လဲကျမှုဖြစ်ပွားသည့်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက လဲကျနေသောသစ်ပင်အား ခုတ်ထွင်ရှင်းလင်းပေးခဲ့ကြောင်း၊ စာသင်ကျောင်းဆောင်အား ပြန်လည်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု ဆက်လက်ဆောင်ရွက်နိုင်စေရေး စာသင်ခန်းလစ်လပ်လျက်ရှိသည့် ကျောင်းဆောင်သစ်တွင် ယာယီပြောင်းရွှေ့သင်ကြားရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။ လွမ်းသီဟ(ဝါးခယ်မ)



# ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ပြည်သူများ ရေဘေးကြိုတင်ကာကွယ်နိုင်ရန် လိုက်လံအသိပေးနှိုးဆော်

ညောင်ဦး ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှု အခြေအနေအား ယနေ့နံနက် ၁၁ နာရီက ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းနှင့် ပြည်သူများ အန္တရာယ်ကင်း ဝေးစေရေးအတွက် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လိုက်လံသတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုမြင့်နှင့် တာဝန်ရှိသူများက ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းဘေးအနီးရပ်ကွက်များအတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် ယာယီရေဘေးရှောင်စခန်းများ စီစဉ်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေဘေးရှောင်စခန်းများတွင် ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသော ဒေသခံပြည်သူများကို တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။



ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ဧရာဝတီမြစ်ရေမှာ စိုးရိမ်ရေအမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။


ရဲဝင်းနိုင်(ညောင်ဦး)

# မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# မြောက်ကိုရီးယားနှင့် ရုရှားဆက်ဆံရေး မြှင့်တင်မည်



ပြုံယမ်း ဇူလိုင် ၁၃

မြောက်ကိုရီးယားနှင့်ရုရှား နှစ်နိုင်ငံဆက်ဆံရေးကို ရေရှည်တည်တံ့သည့် မဟာဗျူဟာမြောက် ဆက်ဆံရေးအဖြစ် မြှင့်တင်သွားရေးနှင့် အပြန်အလှန်ပံ့ပိုးကူညီရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများ အကြား ဇူလိုင်၁၂ရက်က ကတိကဝတ်ပြုခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟူနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်တို့အကြား ဒုတိယအကြိမ် မဟာဗျူဟာဆွေးနွေးပွဲကို မြောက်ကိုရီးယားနိုင်ငံ အရှေ့ပိုင်း ကမ်းရိုးတန်းမြို့ဖြစ်သည့် ဝုန်ဆန်မြို့တွင် ကျင်းပစဉ်အတွင်း ယခုကဲ့သို့ ကတိကဝတ်ပြုခဲ့ကြခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်သည်။ နိုင်ငံခြားရေးဝန်ကြီးများသည် မြောက်ကိုရီးယား-ရုရှားဆက်ဆံရေးမြှင့်တင်ရန်အတွက် လက်တွေ့ကျသည့် ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဆွေးနွေးမှုများအတွင်း နှစ်နိုင်ငံအကြား ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ပါပြဋ္ဌာန်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ရေရှည်တည်တံ့သည့်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုပုံစံသို့ မြှင့်တင်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများအကြား ကတိကဝတ် ပြုခဲ့ကြသည်။

နှစ်နိုင်ငံအကြား သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေပိုင်ဆိုင်မှုနှင့် နိုင်ငံတကာရေးရာကဏ္ဍတွင် တရားမျှတမှုရှိရေးတို့ကို ကာကွယ်ထိန်းသိမ်းရန်အတွက် မဟာဗျူဟာမြောက် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံ၏ ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း ရုရှားကပြောကြားသည်။

လက်ရှိတွင် ကမ္ဘာ့အခြေအနေများရှုပ်ထွေးနေခြင်းအပေါ် နားလည်သဘောပေါက်ပြီး နှစ်နိုင်ငံစလုံး၏ ရပ်တည်မှုများမှာ တစ်ထပ်တည်းကျကြောင်းနှင့် မိမိတို့နှစ်နိုင်ငံအပေါ် ရန်လိုသည့် သဘောထားရှိသည့် နိုင်ငံများကို နှစ်နိုင်ငံပူးပေါင်း၍ ရင်ဆိုင်မည်ဖြစ်ကာ မဟာဗျူဟာမြောက် ဆက်ဆံရေးကို မြှင့်တင်မည်ဟု နိုင်ငံခြားရေးဝန်ကြီးများက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်က ဥရောပသမဂ္ဂနှင့် မက္ကဆီကိုနိုင်ငံတို့မှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ် အခွန် ၃၀ ရာခိုင်နှုန်း စည်းကြပ်မည်

ဝါရှင်တန် ဇူလိုင် ၁၃

ဥရောပသမဂ္ဂနှင့် မက္ကဆီကိုနိုင်ငံတို့မှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ် ဩဂုတ် ၁ ရက်မှ စတင်၍ အခွန် ၃၀ ရာခိုင်နှုန်း စည်းကြပ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါအကောက်ခွန်နှုန်းထားများ ကောက်ခံမည့်ကိစ္စနှင့် ပတ်သက်ပြီး ဥရောပသမဂ္ဂနှင့် မက္ကဆီကိုနိုင်ငံတို့ကို အကြောင်းကြားထားကြောင်း ဇူလိုင် ၁၂ ရက်တွင် လူမှုမီဒီယာတွင် ရေးသားခဲ့သည်။

ဧပြီလတွင် ဒေါ်နယ်ထရမ့်က ဥရောပသမဂ္ဂသို့ အခွန် ၂၀ ရာခိုင်နှုန်း အပြန်အလှန်ကောက်ခံရန် ကြေညာခဲ့သည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂတို့အကြား စေ့စပ်ညှိနှိုင်းမှုများသည် တိုးတက်မှုမရှိသည့် အတွက် ဥရောပသမဂ္ဂအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းကောက်ခံမည်ဟု ထရမ့်က သတိပေးပြောကြားခဲ့သည်။

လက်ရှိတွင် ဥရောပသမဂ္ဂနှင့် အမေရိကန်တို့သည် လေကြောင်းနှင့် မော်တော်ကားကဏ္ဍများတွင် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။



ထို့ပြင် ကုန်သွယ်ရေး သဘောတူညီချက်ရရှိရန် နီးကပ်နေပြီဖြစ်ကြောင်းလည်း ဥရောပသမဂ္ဂ ကုန်သွယ်ရေး ညှိနှိုင်းရေးမှူးက ပြောကြားသည်။

ကုန်သွယ်ရေးသဘောတူညီချက်အမြန်ဆုံးရရှိရန် ဒေါ်နယ်ထရမ့်က ဥရောပသမဂ္ဂအပေါ် အခွန် ၃၀ ရာခိုင်နှုန်းကောက်ခံမည်ဟု ပြောကြားဖွယ်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောကြားသည်။

အလားတူ သမ္မတ ဒေါ်နယ်ထရမ့်က မက္ကဆီကိုနိုင်ငံမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများကို လက်ရှိအချိန်တွင် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ကောက်ခံလျက်ရှိသည်။ သို့သော် အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်တွင် အကျုံးဝင်သော ပစ္စည်းများ မပါဝင်ကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံသည် အမေရိကန်နှင့် မက္ကဆီကိုနှစ်နိုင်ငံနယ်စပ်တွင် မူးယစ်ဆေးဝါးတရားမဝင်တင်ပို့မှုအပေါ် ကာကွယ်တားဆီးလျက် ရှိသော်လည်း ပိုမိုထိရောက်မှုရှိစေရန်အတွက် ဒေါ်နယ်ထရမ့်က အခွန် ၃၀ ရာခိုင်နှုန်းကောက်ခံမည်ဟု ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အီတီချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ကလေးငယ်ရှိသော အိမ်ထောင်စုများတွင် ဝင်ငွေရရှိသောအလုပ်များ လုပ်ကိုင်သည့် မိခင်အရေအတွက် ပိုမိုများပြားလာ

တိုကျို ဇူလိုင် ၁၃

ဂျပန်နိုင်ငံတစ်ဝန်း၌ အသက် ၁၈ နှစ်အောက် ကလေးငယ်များရှိသော အိမ်ထောင်စုအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်တွင် မိခင်များက ဝင်ငွေရရှိသောအလုပ်များကို လုပ်ဆောင်နေကြောင်း အစိုးရစစ်တမ်းတစ်ခုအရ သိရသည်။

ဂျပန်ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အိမ်ထောင်စုများ၏ အခြေအနေကို နှစ်စဉ် စစ်တမ်းကောက်ယူလျက်ရှိသည်။

အသက် ၁၈ နှစ်အောက် ကလေးငယ်များရှိသော အိမ်ထောင်စု ၈၈၈၆၀၀၀ အနက် ဝင်ငွေရရှိသောအလုပ်များကို လုပ်ဆောင်နေသည့် မိခင်များရှိသည့်အိမ်ထောင်စုမှာ ၇၁၈၀၀၀၀ (၈၀ ဒသမ ၉ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

အဆိုပါဝင်ငွေရရှိသည့်အလုပ်များကို လုပ်ဆောင်နေသည့် မိခင်အရေအတွက်သည် ယမန်နှစ်တွင် ကောက်ယူခဲ့သည့် စစ်တမ်းထက် ၃ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုများပြားကြောင်းနှင့် စစ်တမ်းစတင်ကောက်ယူသည့် ၂၀၀၄ ခုနှစ်မှစပြီး စံချိန်တင်အများဆုံးဖြစ်ကြောင်းလည်း သိရသည်။

မိမိ၏ရင်သွေးများကို ပြုစုပျိုးထောင်လျက် ဝင်ငွေရရှိသည့်အလုပ်များလုပ်ကိုင်ရာတွင် အမျိုးသားရော အမျိုးသမီးပါ လုပ်ဆောင်ရသည့် အခြေအနေ မြင့်တက်လာကြောင်း ဂျပန်ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနက ပြောသည်။

ကလေးထိန်းကျောင်းမှုနှင့် အလုပ်ချိန်ခွင်လျှာညီမျှမှုတို့အတွက် ဆက်လက်ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - အင်န်အီတီချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ ရေနံစိမ်းတင်ဆောင်လာသည့် ကုန်တင်ရထားတစ်စင်း မီးလောင်မှုဖြစ်ပွား



နယူးဒေလီ ဇူလိုင် ၁၃

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ ရေနံစိမ်းတင်ဆောင်လာသည့် ကုန်တင်ရထားတစ်စင်း ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ မရှိသော်လည်း တမီလ်နာဒူးမြို့တော် ချန်နိုင်းသို့ ရထားပြေးဆွဲမှုများ ပြတ်တောက်သွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောသည်။

တွဲဆိုင်း ၄၅ တွဲပါသည့် ရေနံစိမ်းတင်ဆောင်ထားသော အဆိုပါကုန်တင်ရထားသည် ချန်နိုင်းမြို့အနောက်ဘက် ၄၅ ကီလိုမီတာခန့်အကွာ တီရူဗောလာခရိုင်ကို ဖြတ်သန်းစဉ် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

မီးလောင်ကျွမ်းမှုတွင် ရထားတွဲဆိုင်းလေးခု မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးသတ်သမားများက မီးငြိမ်းသတ်ရန် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန် ရောက်ရှိလာခဲ့သည်။

ကောင်းကင်ယံသို့ မီးခိုးလုံးကြီးများ လွင့်ပျံတက်နေပုံကို မှတ်တမ်းတင် ဗီဒီယိုများတွင် တွေ့မြင်နိုင်သည်။

အမျိုးသား သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့မှ ဝန်ထမ်းများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မီးရထားသံလမ်းအနီးတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။


မီးလောင်ရသည့် အကြောင်းရင်းကို ချက်ချင်းမသိရသေးသော်လည်း ရထားကုန်တွဲနှစ်ခု လမ်းချော်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကြောင်း ရဲတပ်ဖွဲ့က သုံးသပ်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါစသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွား တတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကို လိုက်နာရန် တိုက်တွန်းပြောကြားပေးပါ။**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေး

ပုသိမ် ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ ပုသိမ်-မုံရွာကားလမ်းမကြီးဘေး ကိုင်းချောင်-ဘန့်ဘွေးကုန်း ကျေးရွာချင်းဆက်လမ်းတွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က "၂၀၂၅ ခုနှစ် မိုးရာသီတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်အသီးသီး၌ လူထုဖြန့်ပျိုးပင် ၁၂ သိန်းကျော် ဖြန့်ဝေစိုက်ပျိုးလျက်ရှိပါကြောင်း၊ ရာသီဥတုကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေးတို့အတွက် သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းများကို တိုင်းဒေသကြီးအတွင်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည့် ကာလဖြစ်သောကြောင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအား စိမ်းလန်းစိုပြည်၍ သန့်ရှင်းသာယာလှပသည့် တိုင်းဒေသကြီးအဖြစ် ဖန်တီးပုံဖော်ကြရမည် ဖြစ်ကြောင်း" တိုက်တွန်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးက ဦးဆောင်၍ ပျဉ်းကတိုး၊ ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ ရေတမာ၊ မန်ကျဉ်ရှားအစရှိသည့် ပျိုးပင် ၁၃၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဆုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့နယ် အသုတ်မြို့တွင် ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ အရိုးအထူးကုဆရာဝန်ကြီး၊ ပြန်လည်သန်စွမ်းရေးအထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ အရေပြားရောဂါအထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်၊ သွားအထူးကုဆရာဝန်၊ ဓာတ်မှန်/အာထရာဆောင်းအထူးကုဆရာဝန်ကြီးများမှ အခမဲ့ဆေးကုသမှုပေးနေမှုများကို ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ အထူးကုဆရာဝန်ကြီးများမှ ထိုသို့ကုသပေးခဲ့ရာတွင် အထွေထွေရောဂါကုသလူနာ ၄၁၃ ဦး၊ မျက်စိရောဂါကုသလူနာ ၁၅၆ ဦး၊ အရိုး၊ အကြော၊ အဆစ်လူနာ ၁၇၁ ဦး၊ ခွဲစိတ်လူနာ ၂၈ ဦး၊ ကလေးလူနာ ၃၅ ဦး၊ ပြန်လည်သန်စွမ်းရေးလူနာ ၁၀ ဦး၊ သားဖွားမီးယပ်လူနာ၄၁ ဦး၊ အရေပြားလူနာ ၅၂ ဦး၊ စိတ်ကျန်းမာရေးလူနာ ခြောက်ဦး၊ သွားနှင့်ခံတွင်းလူနာ ၉၂ ဦး စုစုပေါင်း လူနာ ၁၀၀၄ ဦးအား အခမဲ့ကုသပေးခဲ့ပြီး အသေးစားခွဲစိတ်မှု ငါးဦး၊ ဆီးချိုစစ်ဆေးခြင်း ၂၀၀၊ အီးစီဂျီရိုက်ခြင်း ၅၀၊ ဓာတ်မှန်ရိုက်ခြင်း ငါးဦး၊ တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်ခြင်း ၇၀ ပြုလုပ်ပေးခဲ့ကြောင်းနှင့် ပုသိမ်ဆေးရုံကြီးသို့ လူနာ ၈၆ ဦး ညွှန်းပို့ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၁၃

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကိုပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၇-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၀ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၀ | ၃၀၄၅ | ၃၀၅၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၅၆၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၀ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၃၅ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | ၄၈၃၀ | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | - | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၇၉ |
| 95 Ron | ၂၈၄၂ | ၂၉၃၃ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၉၀ | ၃၁၈၁ |
| HSD (10 ppm) | ၃၀၉၀ | ၃၁၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ဆိုင်ရာသိမှတ်ဖွယ်ရာများ အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများကို (Power Point)ဖြင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာသိမှတ်ဖွယ်ရာများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းရှင်ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခြင်းအပေါ် အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က ပြန်လည်ဖြေကြားပြီး အခမ်းအနားသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်စုစုပေါင်း ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အားလုံးပါဝင်ဆောင်ရွက်ရမည့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး

**စိုးသူရ**

ကမ္ဘာပေါ်တွင် လူဦးရေများပြားလာသည်နှင့် အမျှ လူသားများသုံးစွဲသည့် ပလတ်စတစ်ပစ္စည်း ပမာဏများပြားလာပြီး ပလတ်စတစ်ညစ်ညမ်းမှု များပြားလာကာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများဖြစ်လာကြောင်း တွေ့ရှိနေရသည်။ စည်းကမ်းမဲ့ ပလတ်စတစ်အမှိုက် စွန့်ပစ်ခြင်းများကြောင့် ကမ္ဘာကြီး သန့်ရှင်းမှုမရှိတော့ဘဲ လူသားများတွင် ရောဂါများဖြစ်ပွားလာသည်ကို တွေ့ရှိရသည်။

ပလတ်စတစ်ထုတ်ကုန်များသည် ရှေးခေတ်ကတည်းက လူသားများကို အကျိုးပြုခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ယနေ့ခေတ်၌ ပင်လယ်သမုဒ္ဒရာများတွင် လူသားတို့အသုံးပြုပြီးသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စုပုံရောက်ရှိကာ အဏ္ဏဝါဂေဟစနစ်နှင့် ရေနေသတ္တဝါများ ရှင်သန်နေထိုင်မှုကို အနှောင့်အယှက်ပေးနေသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်တွင် ပလတ်စတစ်ထုတ်ကုန် တန်ချိန် သန်း ၄၀၀ ကျော်ကို ထုတ်လုပ်နေရာ ၎င်းတို့အနက်မှ ပြန်လည်အသုံးပြုနိုင်သည့် ပမာဏသည် ၁၀ ရာခိုင်နှုန်းထက်နည်းသည်ကို တွေ့ရှိရသည်။ ၎င်းပလတ်စတစ်ထုတ်ကုန်များ အနက်မှ ၁၁ သန်းသည် ရေကန်များ၊ ချောင်းများနှင့် မြစ်များအတွင်းသို့ ရောက်ရှိသွားကြပြီး ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဖြစ်လာစေခဲ့ကြောင်း သိရသည်။




ရေထု၊ လေထုနှင့် အစားအသောက်များထဲသို့ အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှားများ ကပ်ငြိလာခြင်းကလည်း လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရသည်။ ကမ္ဘာပေါ်ရှိ လူသားတစ်ဦးချင်းစီသည် နှစ်စဉ်နှစ်တိုင်း ပလတ်စတစ် အမှုန်အမွှား ၅၀၀၀၀ ကျော်ကို ထိတွေ့နေရကြောင်းလေ့လာမှုများအရ သိရသည်။ ၎င်းသေးငယ်သည့်ပလတ်စတစ်အမှုန်အမွှားများ ရေထဲသို့ရောက်ရှိသည့်အချိန်တွင် ငါးများက စားသုံးနေပြီး ၎င်းငါးများ၏ ကိုယ်တွင်းအင်္ဂါများတွင် ကပ်ငြိနေသည့် ပလတ်စတစ် အမှုန်အမွှားများကြောင့် ငါးစားသုံးသူများတွင် ရောဂါများဖြစ်ပွားလာသည်။

ပလတ်စတစ် ထုတ်ကုန်များတွင် ပါဝင်သည့် ဓာတုပစ္စည်းများကြောင့် ပလတ်စတစ်ထုတ်ကုန်သုံးစွဲသူများတွင် ရင်သားကင်ဆာ၊ သိုင်းရွိုက်ကင်ဆာ၊ သားအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာများ ဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။

ယနေ့ခေတ်တွင် ပလတ်စတစ်အမှုန်အမွှားများကို လူသား၏သွေး၊ အဆုတ် စသည့်ကိုယ်တွင်းအစိတ်အပိုင်းများတွင်ပင် တွေ့ရှိနေရပြီး ကျန်းမာရေးအရ အကျိုးသက်ရောက်မှုများအဖြစ် နာတာရှည် ရောင်ရမ်းမှု၊ မျိုးဗီဇစနစ်ပျက်စီးခြင်း၊ အူမကြီးကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ပန်ကရိယကင်ဆာနှင့် သွေးကင်ဆာများကို ဖြစ်ပွားစေကြောင်း တွေ့ရှိရသည်။ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးသည့်အချိန်တွင်လည်း ထွက်ရှိလာသည့် ဓာတုပစ္စည်းများကြောင့်လူသားများ၏ ကျန်းမာရေးအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ရေးကို အနှောင့်အယှက်ပေးနေသည်။ ၎င်းပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် တာဝန်ရှိသူများကလည်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ဆောင်ရွက်နေသည်ကိုတွေ့ရှိရသည်။

ယခုနှစ် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်မှာ ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေးဖြစ်သည်။ ၎င်းဆောင်ပုဒ်အရ ပလတ်စတစ်ထုတ်ကုန်များကို ငြင်းပယ်ခြင်း၊ သုံးစွဲမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပလတ်စတစ်အသုံးပြုရန် စဉ်းစားချင့်ချိန်ဆောင်ရွက်ခြင်းတို့ကို ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်မည်ဖြစ်သည်။

ဘရူနိုင်းနိုင်ငံတွင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသား ပလတ်စတစ်ထုတ်ကုန်ပြန်လည်အသုံးပြုရေးနေ့ကို ယခုနှစ် ဇွန်လ ၂၃ရက်နေ့တွင် ကျင်းပခဲ့သည်။ စဉ်ဆက်မပြတ် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး နိုင်ငံသားများအား အသိပညာပေးသည့်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ နိုင်ငံအတွင်းသတ်မှတ်ဒေသများရှိ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ပြန်လည်သုံးစွဲ၍ ထုတ်ကုန်များထုတ်လုပ်ရန် ပလတ်စတစ်စွန့်ပစ်ပစ္စည်းပြန်လည်အသုံးချသည့် လုပ်ငန်းများက ၎င်းအခမ်းအနားတွင် စုဆောင်းခဲ့ကြသည်။ နိုင်ငံသားများအား ပလတ်စတစ်ထုတ်ကုန် ပြန်လည်သုံးစွဲသည့်အလေ့အကျင့်ကို မွေးမြူနိုင်ရန် အစိုးရက ၎င်းအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင်လည်း အိမ်ထောင်စုများ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြားသတ်မှတ်ကာ ပြန်လည်အသုံးပြုရေးဆောင်ရွက်နေကြပြီး စည်းကမ်းမဲ့ပလတ်စတစ် စွန့်ပစ်သူများကိုလည်း အရေးယူမှုများဆောင်ရွက်ကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့ရေထုသည်လည်း လက်ရှိအချိန်တွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ပျက်စီးနေသည်ကို တွေ့ရှိရသည်။

ကမ္ဘာပေါ်ရှိမြေထု၊ ရေထုနှင့် ပင်လယ်သမုဒ္ဒရာများကို ထိန်းသိမ်းရန်အတွက် လူသားတိုင်းက တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ရာ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ခြင်းဖြင့် ပလတ်စတစ်ကင်းစင်သည့် လူ့ပသောကမ္ဘာကို ရှေးရှုနိုင်မည်ဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။ ။

ကိုးကား – Save the environment from the danger of plastic waste GNLM

> **ယနေ့ခေတ်တွင် ပလတ်စတစ်အမှုန်အမွှားများကို လူသား၏သွေး၊ အဆုတ် စသည့် ကိုယ်တွင်းအစိတ်အပိုင်းများတွင်ပင် တွေ့ရှိနေရပြီး ကျန်းမာရေးအရ အကျိုးသက်ရောက်မှုများအဖြစ် နာတာရှည်ရောင်ရမ်းမှု၊ မျိုးဗီဇစနစ်ပျက်စီးခြင်း၊ အူမကြီးကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ပန်ကရိယကင်ဆာနှင့် သွေးကင်ဆာများကို ဖြစ်ပွားစေကြောင်း တွေ့ရှိရသည်။ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးသည့် အချိန်တွင်လည်း ထွက်ရှိလာသည့် ဓာတုပစ္စည်းများကြောင့် လူသားများ၏ ကျန်းမာရေး အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများရှင်သန်ရေးကို အနှောင့်အယှက်ပေးနေသည်။ ၎င်းပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် တာဝန်ရှိသူများကလည်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ဆောင်ရွက်နေသည်ကိုတွေ့ရှိရ**

## စကုမြို့ရှိ ရှေးဟောင်း ဘုရားစေတီပုထိုးများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်စကုမြို့ရှိရှေးဟောင်းဘုရားစေတီပုထိုးများ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက စကုမြို့ ရွှေဖျင်းကြီးစေတီတော်၌ စုပေါင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် စကုမြို့ အုပ်ချုပ်ရေးမှူး ဦးချိုဆန်းလွင်ဦး ဦးဆောင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်နေ ပြည်သူများနှင့် ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့အစည်းများက မင်းဘူး-စကုကားလမ်းဘေးရှိ စကုမြို့ ရွှေဖျင်းကြီးစေတီတော်ပေါ်နှင့် ဘုရားပရိဝုဏ်အတွင်းရှိ ပေါင်းမြက်၊ ချုံနွယ်များ ခုတ်ထွင်ဖယ်ရှားရှင်းလင်းပြီး အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို စုပေါင်းကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ပေါင်းတည်မြို့နယ်၌ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်သည့်အမှိုက်ပုံးများထားရှိ ဆောင်ရွက်

**ပေါင်းတည် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အမှိုက်အမျိုးအစား ခွဲခြား စွန့်ပစ်နိုင်ရန်အတွက် အရောင်ကွဲလေးမျိုး အမှိုက်ပုံးများကို ဌာနဆိုင်ရာရုံးများ၊ ဈေးများအပါအဝင် အများနှင့်သက်ဆိုင်သည့်နေရာများတွင် ထားရှိဆောင်ရွက်လျက်ရှိသည်။



အမှိုက်များ ခွဲခြားစွန့်ပစ်ရန် အမှိုက်ပုံးများကို ဝါ၊ စိမ်း၊ နီ၊ ပြာ အရောင်လေးမျိုး ခွဲခြားထားရှိကြောင်း၊ ကတ်ထူစက္ကူနှင့် စက္ကူစာရွက်များ၊ သတ္တုပစ္စည်း၊ ပိတ်စ၊ သစ်တိုသစ်စ စသည့်အမှိုက်ခြောက်များကို အဝါရောင်အမှိုက်ပုံး၊ မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်း စသည့်အမှိုက်စိုများကို အစိမ်းရောင်အမှိုက်ပုံး၊ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ၊ ပိုးသတ်ဆေးရည် ဆေးမှုန့်ဘူးခွံနှင့်အိတ်ခွံများ၊ အိမ်သုံးဓာတုစွန့်ပစ်ပစ္စည်းများ အစရှိသည့် ဘေးအန္တရာယ်ရှိ အမှိုက်များကို အနီရောင်အမှိုက်ပုံး၊ ပလတ်စတစ် အမှိုက်များကို အပြာရောင်အမှိုက်ပုံးတို့တွင် စွန့်ပစ်ကြရန် သတ်မှတ်ထားကြောင်း သိရသည်။

**ရွှေသား(IPRD)**

# လှိုင်းဘွဲမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



လှိုင်းဘွဲ ဇူလိုင် ၁၃

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြိုင်ကြီးငူ အထူးဒေသ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစောသော်တာလင်းသန့်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို အသိပညာပေး ဟောပြောခဲ့ပြီး မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်း ဟောပြောသည်။

ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းရန်နောင်က ကလေးသူငယ်အရေးဆိုင်ရာဥပဒေများအကြောင်း၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ငွေက ကျောင်းသားလူငယ်များအနေဖြင့် သိထားကြရမည့် ဥပဒေများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဌေးဝင်းက မူးယစ်ဆေးများ၏ ဆိုးကျိုးအန္တရာယ်များ၊ ပူးပေါင်းကာကွယ် တိုက်ဖျက်ကြရမည့်အကြောင်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **စောဒီ(ပြန်/ဆက်)**



# ကျောက်ဆည်မြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

ကျောက်ဆည် ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အေးမြကြည်လင်ရပ်ကွက် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ ဝက်သား ပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၁၀ နှင့် ဟင်းသီး၊ ဟင်းရွက်များကို ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သက်မောင်**

# ကမာရွတ်မြို့နယ် အခြေခံပညာကျောင်းများ ငွေစုငွေချေးသမအသင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အခြေခံပညာကျောင်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄/၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အထက(၃) ကမာရွတ်တွင် ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးအောင်လတ်က ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းဆောင်ရွက်မှုများအပေါ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က အသင်း၏ဘဏ္ဍာရေးအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အသင်းတိုးတက်ရေးအတွက် ဆွေးနွေးသည်။

ထို့နောက် အသင်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုချက်ရယူပြီး အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။



**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

❖ **ကျောဖုံးမှ**

မီတာ ၂၀၀ ကနူးလေးယောက်လှော် အလွတ်တန်း ပြိုင်ပွဲတွင် ကျော်ဇေယျ၊ သန့်ဇင်ဦး၊ ထွဋ်ခေါင်ဇော်၊ မျိုးလှိုင်ဝင်းအတွဲ၊ မီတာ ၂၀၀ ယူ-၁၅+ယူ-၁၈ ကနူးတစ်ယောက်လှော် ပြိုင်ပွဲတွင် ထွဋ်ခေါင်ဇော်၊ မီတာ ၂၀၀ ကနူးအလွတ်တန်း တစ်ယောက်လှော် ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်း၊ မီတာ ၂၀၀ ကနူး နှစ်ယောက်လှော် အလွတ်တန်း ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်းနှင့် ကျော်ဇေယျအတွဲ၊ မီတာ ၅၀၀ ယူ-၁၅+ယူ-၁၈ ကနူးတစ်ယောက်လှော်ပြိုင်ပွဲတွင် ထွဋ်ခေါင်ဇော်၊ မီတာ ၁၀၀၀ ယူ-၁၇+ယူ-၁၈ ကယက် တစ်ယောက်လှော်ပြိုင်ပွဲတွင် ဇေယျာထွန်း၊ မီတာ ၁၀၀၀ ကနူးတစ်ယောက်လှော် အလွတ်တန်းပြိုင်ပွဲတွင် သန့်ဇင်ဦးတို့က ဆွတ်ခူးရရှိသည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်စင်ကာပူနိုင်ငံမှ လက်ရွေးစင်အသင်း၊ လူငယ်လက်ရွေးစင်အသင်း အပါအဝင် စုစုပေါင်း လေးသင်း၊ မြန်မာ၊ သြစတြေးလျ၊ တရုတ်(တိုင်ပေ)နှင့် ဟန်ဂေရီအသင်းတို့ ပါဝင်ယှဉ်ပြိုင်သည်။ **ကိုညီလေး၊ ခတ်ပုံ - MRF**

# မြန်မာနိုင်ငံ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ICT Industry နှင့် ICT လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ICT Skill Standard နှင့် ကိုက်ညီသည့် ITPEC Exam ကို တစ်နှစ် နှစ်ကြိမ် ကျင်းပလျက်ရှိသည်။

ဧပြီ ၂၇ ရက်က ကျင်းပစစ်ဆေးခဲ့သည့် ခုနစ်နိုင်ငံ အသိအမှတ်ပြု ITPEC Exam အောင်လက်မှတ်ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park၊ Conference Hall ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ စာမေးပွဲဖြေဆို အောင်မြင်ကြသူ ၃၀၀ ကျော်တို့က သင်တန်းအောင်မြင် ပြီးမြောက်ကြောင်း Certificate များကို တက်ရောက်ရယူကြသည်။

ITPEC – FE Exam တွင် ခုနစ်နိုင်ငံ၌ မြန်မာနိုင်ငံမှ အမှတ်အများဆုံး ပထမရရှိသူ တစ်ဦး၊ တတိယရရှိသူ တစ်ဦး၊ IP Exam တွင် ခုနစ်နိုင်ငံ၌ မြန်မာနိုင်ငံမှ အမှတ်အများဆုံး တတိယပူးတွဲရရှိသူ သုံးဦးတို့ကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာအေးအေးသင်းက ဆုများပေးအပ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် နှစ်နိုင်ငံအသိအမှတ်ပြု အိုင်တီအင်ဂျင်နီယာများ ထွက်ပေါ်လာရန် အိုင်တီအင်ဂျင်နီယာ စာမေးပွဲ ကျင်းပနိုင်ရေးအတွက် ၂၀၀၂ ခုနှစ်တွင် Japan IT Engineer Examination Center (JITEC) နှင့်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပသည့် MCPA Exam အောင်မြင်သူများကို အသိအမှတ်ပြုရေး အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် IT Professional Examination Council (ITPEC) စတင်ဖွဲ့စည်းရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ပါဝင်ခဲ့ပြီး ITPEC စာမေးပွဲများကို IT Skill Standard Level အလိုက် Category သုံးမျိုးဖြင့် တစ်နှစ် နှစ်ကြိမ် တစ်နေ့တည်း တစ်ချိန်တည်း ခုနစ်နိုင်ငံ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ ဝင်ရောက်ဖြေဆို အောင်မြင်သူ ၆၇၀၀ ခန့်ရှိပြီဖြစ်သည်။

ITPEC Exam အောင်လက်မှတ်ချီးမြှင့် ပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအေးအေးသင်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုးထွန်း၊ အတွင်းရေးမှူး ဒေါက်တာမျိုးမျိုးနိုင်တို့က အမှာစကားနှင့် ကျေးဇူးတင်စကားများ ပြောကြားပြီး ပံ့ပိုးကူညီကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသူရ**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်**

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

**အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -**


မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း


မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း


မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း


ထီးရွက်အောက်ပါးဟက်များဖြူခြင်း


မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း


အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ -** မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ်မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ

# မိုက်ခရိုပရိုဆက်ဆာတို့ တိုးတက်ပြောင်းလဲလာခြင်း(၂)


**နီဇော်သစ်**

(ယခင်အပတ်မှအဆက်)

၁၉၉၃ ခုနှစ်တွင်မူ အင်တဲလ်၏ ပင်တီယံစီပီယူများ ပေါ်ထွက်လာသည်။ နောက် ဆယ်စုနှစ်တစ်ခုစာလောက် ကွန်ပျူတာလောကကို စိုးမိုးတော့မည်ဖြစ်သည်။ ကွန်ထရိုလာဘက်တွင် ပီအိုင်စီ-၁၆ မိုက်ခရိုကွန်ထရိုလာယူနစ်များ ပေါ်ထွက်လာသည်။ ကွန်ထရိုလာလောကတွင် ယနေ့အထိ လူကြိုက်အများဆုံး အမ်စီယူများဟု ဆိုနိုင်သည်။ အကန့်အသတ်များပြီး ထုတ်ကုန်အသေးစားများထုတ်လုပ်ရာတွင် အသုံးများသည့် ပီအိုင်စီ-၁၂၊ ပရိုဂရမ်ကြီးကြီးမားမားများရေးနိုင်သော ပီအိုင်စီ-၂၄ တို့နှင့်စာလျှင် အမျိုးမျိုးသုံးနိုင်ပြီး ခြေနိုင်လက်နိုင်လည်းရှိသည့် အလယ်အလတ်တန်းစား ပီအိုင်စီ-၁၆ များမှာ ကွန်ထရိုလာလောကထဲကို စတင်ဝင်ရောက်ပြီး လေ့လာလိုသည့် လူငယ်များအတွက် အသင့်လျော်ဆုံးဖြစ်ခဲ့သည်။

ဂရပ်ဖစ်အပိုင်းတွင်မူ ထိုနှစ်အတွင်း အက်စ်သရီးနှင့် အေတီအိုင် ဂရပ်ဖစ်ကတ်များ ပေါ်ထွက်လာသည်။ တူးဒီ ဂရပ်ဖစ်ကတ်များဖြစ်သည်။ ဂျီပီယူအဆင့်တော့ မရောက်သေး။ နောက်ခြောက်နှစ်အကြာ ၁၉၉၉ ခုနှစ်တွင် အင်န်ဗီးဒီးယားက ဂရပ်ဖစ်ပိုင်း၌ ထိုးဖောက်ကျော်လွှားမှုတစ်ခု လုပ်ပြလိုက်သည်။ သူတို့၏ ဂျီအီးဖို့စ် ၂၅၆ ဂရပ်ဖစ်ကတ်များသည် ဂရပ်ဖစ်ကတ်လောကကို တစ်ဆစ်ချိုးပြောင်းလဲလိုက်၏။ သရီးဒီဂရပ်ဖစ်များကို မောင်းနှင်လာနိုင်သလို ဟာ့ဒ်ဝဲပိုင်းအရ စီပီယူ၏ ဂရပ်ဖစ်အတွက် လုပ်ဆောင်ချက်များကို ခွဲယူလိုက်သည်။ ထို့ကြောင့် ပထမဆုံး ဂျီပီယူများအဖြစ် သတ်မှတ်ခံရသည်။

၂၀၀၀ ပြည့်နှစ်တွင် အင်တဲလ်၏ ပင်တီယံ-၄ စီပီယူထွက်လာသည်။ ဝင်းဒိုးစ်-၉၈ နှင့် တွဲဖက်ပြီး လူကြိုက်အများဆုံး ကွန်ပျူတာများ ထွက်ပေါ်လာသည်။ ဝင်းဒိုးစ်-၂၀၀၀ နှင့် ဝင်းဒိုးစ် အိက်စ်ပီ ဆားဗစ်ပက်ခ်-၂ အထိ အထောက်အပံ့ပေးခဲ့သည်။ ထိုမျှလူကြိုက်များပြီးမှ ပင်တီယံစီးရီး၏ နောက်ဆုံးမျိုးဆက် ချစ်ပ်ဖြစ်နေမည်ဟု မည်သူမျှထင်မထားခဲ့ကြပါ။ ထိုကာလအတွင်း အတ်မဲလ်(Atmel)၏ အေဗွီအာရ် မိုက်ခရိုကွန်ထရိုလာများ ခေတ်စားလာသည်။ ကျွန်တော် ရှေ့ကပြောခဲ့သည့် အိတ်ဒီးရီးဖိုက်ဝမ်း ပရောဂျက်လုပ်ဖူးသည်ဆိုသည်မှာ အင်တဲလ်ထုတ်မဟုတ်။ အတ်မဲလ်ချစ်ပ်ဖြစ်သည်။ ဂရပ်ဖစ်ပိုင်းတွင်မူ မိုက်ခရိုဆော့ဖ်၏ ဒါရိုက် အိက်-၈.၀ နှင့်အတူ အသုံးပြုသူက ဂရပ်ဖစ်ကို စိတ်ကြိုက်



ခြယ်လှယ်နိုင်သောပရိုဂရမ်များ ပေါ်ထွက်လာသည်။

၂၀၀၆ ခုနှစ်တွင် အင်တဲလ်၏ ကိုးစီးရီး စတင်သည်။ ကိုးဂျူယို၊ ဂျူရယ်ကိုး၊ ကိုးတူဂျူယိုတို့ စတင်ခဲ့ရာမှ ယနေ့အချိန်တွင် ကိုးအိုင်မျိုးဆက်သည် ၁၄ ဆက်မြောက်အထိ ရှိလာပြီဖြစ်သည်။ ထိုနှစ်မှာပင် ဂရပ်ဖစ်ပိုင်း၌ အင်န်ဗီးဒီးယားက ကူဒါကို မိတ်ဆက်သည်။ တကယ်တော့ ကူဒါသည် ဟာ့ဒ်ဝဲမဟုတ်။ ဂျီပီယူများကို အပြိုင်မောင်းနှင်ပေးသည့် ဆော့ဖ်ဝဲအလွှာဖြစ်သည်။ ကူဒါကို ဖန်တီးလိုက်ချိန်တွင် စီပီယူသည် ဂရပ်ဖစ်အတွက် သီသီသာသာ လုပ်ရကိုင်ရနည်းသွားပြီး ဂျီပီယူများက ဂရပ်ဖစ်အတွက် အလုံးစုံနီးပါး လုပ်ပေးလာနိုင်သည်။ နောက်တစ်နှစ်ဖြစ်သည့် ၂၀၀၇ ခုနှစ်တွင်မူ ဂျီပီယူများသည် ထုံးတမ်းစဉ်လာ ဂရပ်ဖစ်များအတွက်သာမက အခြားသောအတွက်အချက်များပါ လုပ်ပေးနိုင်သည့် အထွေထွေသုံး ဂျီပီယူ သို့မဟုတ် ဂျီပီဂျီပီယူများဖြစ်လာသည်။ သို့သော် ထိုစဉ်က ဂျီပီယူများ၏ ထိုသို့သော အသွင်ကူးပြောင်းမှုသည် အသိဉာဏ်တုနည်းပညာနှင့် ပတ်သက်လာမည်ဟု မည်သူမျှထင်မထားခဲ့ကြသည်မှာ သေချာပါသည်။

၂၀၁၁ ခုနှစ်တွင် အမ်းကော့တက်ဇ်-အမ် ချစ်ပ်များသည် မိုက်ခရိုကွန်ထရိုလာလောက၌ လူကြိုက်များလာသည်။ မိုက်ခရိုကွန်ထရိုလာသုံး ပစ္စည်းတော်တော်များများတွင် ထိုချစ်ပ်များကို သုံးလာကြ၏။ ထိုနှစ်မှာပင် အက်ဒ်ဗန့်စ် မိုက်ခရိုဒီဗိုက် (အေအမ်ဒီ) ကုမ္ပဏီ အေပီယူနှင့်စတင် မိတ်ဆက်သည်။ အရှိန်မြှင့် စီပီယူဟုဆိုနိုင်သည်။ စီပီယူချစ်ပ်ထဲတွင် ဂျီပီယူပါ တစ်ပါတည်းထည့်ထားခြင်းဖြစ်သည်။ ပထမဆုံး စီပီယူ-ဂျီပီယူ အတွဲအဖက်ဟု ဆိုနိုင်သည်။

၂၀၁၂ ခုနှစ်တွင်တော့ ဂျီပီယူ အသုံးပြုမှုနှင့် ပတ်သက်ပြီး ကြီးမားသော အပြောင်းအလဲကြီးတစ်ရပ်ဖြစ်လာသည်။ အေအိုင်ဟုခေါ်သော အသိဉာဏ်တုနည်းပညာအတွက် ပညာရှင်များ ကြိုးစားအားထုတ်ခဲ့ကြသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ သို့သော် လက်ရှိ အသိဉာဏ်တုနည်းပညာ၏ အခြေခံအုတ်မြစ်များမှာ ၂၀၀၆ ခုနှစ် ဝန်းကျင်ကမှ စတင်သည်ဟု ဆိုနိုင်သည်။ အသိဉာဏ်တုနည်းပညာအတွက် အရေးကြီးသော စက်သင်ယူမှု (machine learning) နှင့် နက်နက်နဲနဲသင်ယူမှု (deep learning)တို့ သဘောတရားအရရော လက်တွေ့အရပါ တိုးတက်မှုကြီးမားလာသည့်ကာလဖြစ်ခြင်းကြောင့်ပင်။

ထိုစက်သင်ယူမှု လက်တွေ့လုပ်ဆောင်ချက်များအတွက် စီပီယူများကို အဓိကသုံးခဲ့ကြသည်။ ခက်ခဲနက်နဲသဖြင့် လူကြိုက်နည်းသည့် နယ်ပယ်ဖြစ်ရာ စိတ်ဝင်စားမှုတိုးလာအောင် ပြိုင်ပွဲများလုပ်ပေးကြသည်လည်းရှိသည်။ ထိုအထဲတွင် အင်းမေ့ဂျ်နက် (Imagenet) ပြိုင်ပွဲသည်လည်း အပါအဝင်။ စတန်းဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ ဖေးဖေးလီက ထိုနယ်ပယ်ထဲတွင် အားထုတ်မှုများရှိလာစေရန် နှစ်စဉ်ကျင်းပပေးသော ပြိုင်ပွဲဖြစ်သည်။ ပန်းတိုင်မှာ ရိုးရှင်းသည်။ ပုံတစ်ပုံထဲရှိ အဓိကအရာဝတ္ထုကို သရုပ်ခွဲဖို့ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ပြိုင်ပွဲဝင်အသင်းများက တစ်ခုထက်တစ်ခု ပိုကောင်းသော မိုဒယ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ များသောအားဖြင့် ပြီးခဲ့သည့်နှစ်ထက် တစ်ရာခိုင်နှုန်းလောက်သာ ပိုမိုတိကျအောင် လုပ်နိုင်သည်ကများသည်။

၂၀၁၂ ခုနှစ်တွင် တိုရွန်တိုတက္ကသိုလ်မှ အထင်ကရ သုတေသီ ဂျော့ဖရီဟင်တန်နှင့် သူ့ကျောင်းသားနှစ်ယောက်ဖြစ်သော အလက် ခရစ်ရှက်စကီး၊ အီလျာ ဆူစကီဗာတို့၏ အဲလက်စ်နက် (AlexNet) အေအိုင်သည် ပြိုင်ဘက်များကို ၁၀ ရာခိုင်နှုန်းအသာဖြင့် အနိုင်ရသည်။ ဘေးလူတို့အတွက် တစ်ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းမှာ သိပ်မကွာဟု ထင်စရာရှိသော်လည်း နယ်ပယ်ထဲမှ ဆရာကြီးများကမူ တစ်ဆစ်ချိုး အပြောင်းအလဲတစ်ခုဖြစ်ပြီဆိုသည်ကို သိလိုက်ကြသည်။ အဲလက်စ်နက်သည် အင်န်ဗီးဒီးယား ဂျီတီအိက်စ် ၅၈၀ ဂျီပီယူ နှစ်လုံးသုံးပြီး သူတို့၏ အေအိုင်ကို လေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။ အချိုးအကွေ့မှာ ထိုနေရာဖြစ်နေသည်။ ရှေ့ကပြောခဲ့သလို ဂျီပီယူတို့သည် ဂရပ်ဖစ်သာမက စီပီယူ၏ အခြားတာဝန်များကိုပါ ဝင်ယူပေးနေနိုင်ပြီဖြစ်ရာ စက်ကို သင်ပေးသည့်တာဝန်ကိုပါ ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဂျီပီယူ၏ အားသာချက်မှာ ကိုးအရေအတွက်ဖြစ်သည်။ ယနေ့ခေတ် ကွန်ပျူတာ ပရိုဆက်ဆာများနှင့် ဥပမာပေးရလျှင် ကိုးအိုင်သရီး (Core i3) ပရိုဆက်ဆာများသည် အဟောင်းများ၌ ကိုးနှစ်ခုမှ လေးခုအထိပါဝင်ပြီး အသစ်များ၌ ကိုးရှစ်ခုအထိ ပါဝင်သည်။ အများဆုံး သရက်ဒ်ရှစ်ခုသာပါဝင်သည်။ အမြင့်ဆုံး အိုင်ဆဲဗင်း အသစ်များတွင် ကိုး ၂၀ အထိ ပါဝင်သည်။ အများဆုံး သရက်ဒ် ၂၈ ခု ပါဝင်သည်။ အလွယ်ပြောရလျှင် သရက်ဒ်တစ်ခုသည် အလုပ်တစ်ခုကို လုပ်ပေးနိုင်သည်။ သရက်ဒ် ၂၈ ခုပါလျှင် ခိုင်းတတ်ပါက အလုပ် ၂၈ ခုကို တစ်ပြိုင်နက်လုပ်နိုင်သည်။ ဤနေရာတွင် သတိပြုရမည်မှာ ဝင်းဒိုးစ်လို အိုအက်စ်များက လုပ်ပေးသည့် အလုပ်စုံ တစ်ပြိုင်တည်းလုပ်သော multitasking လိုမဟုတ်ဘဲ ဟာ့ဒ်ဝဲများက အချိန်နှင့်တစ်ပြေးညီ အပြိုင်အလုပ်လုပ်နိုင်စွမ်းကို ဆိုလိုခြင်းဖြစ်သည်။

ရှေ့ကပြောခဲ့သည့် အင်န်ဗီးဒီးယား ဂျီတီအိက်စ် ၅၈၀ ဂျီပီယူတွင် ကူဒါကိုး ၅၁၂ ခု ပါဝင်သည်။ ဆိုရလျှင် အလုပ် ၅၁၂ ခု တစ်ပြိုင်နက် လုပ်နိုင်သည်။ ထို့ကြောင့် သရက်ဒ် ရှစ်ခုပါသော ပရိုဆက်ဆာ တစ်လုံးထက် ၆၄ ဆ ပိုမြန်အောင် အလုပ်လုပ်နိုင်သည်။ ဂျီတီအိက်စ် ၅၈၀ နှစ်လုံး သုံးထားသော အဲလက်စ်နက်သည် အလုပ် ၁၀၂၄ ခုကို တစ်ပြိုင်နက် လုပ်နိုင်သည်ဟု ဆိုလိုသည်။ မည်မျှကွာခြားသွားလဲ ဆိုသည်ကို ကြည့်ပါ။ ထိုအချိန်မှစ၍ အေအိုင်တို့ကို သင်ကြားပေးရာတွင် ဂျီပီယူများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လာသည်။ ထုံးတမ်းစဉ်လာ ပရိုဆက်ဆာများနှင့် မတူတော့သည့် အေအိုင်ပရိုဆက်ဆာများ ပေါ်ထွက်လာရန် လမ်းကြောင်းပေါ် ရောက်လာခြင်းလည်းဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# နာဆာ၏ အာတီမစ္စ မစ်ရှင်က လကမ္ဘာ၌ ရေခဲရှာ၊ သတ္တုမြေပုံဆွဲမည်

လကမ္ဘာပေါ်သို့ လူလိုက်ပါမည့် အာတီမစ္စ မစ်ရှင်များအတွင်း အဆင့်မြင့်ကိရိယာသုံးခု၏ အကူအညီဖြင့် လပေါ်တွင် ရေခဲရှာခြင်း၊ သတ္တုတည်ရှိမှု မြေပုံရေးဆွဲခြင်းနှင့် လမျက်နှာပြင်အောက် ရှာဖွေစူးစမ်းခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန် အာကာသအေဂျင်စီ နာဆာက အတည်ပြုလိုက်သည်။



အယ်လ်တီဗွီဟု အတိုကောက်ခေါ်သည့် လပေါ်သွားယာဉ် (Lunar Terrain Vehicle)နှစ်စင်းမှာ အာတီမစ္စ မစ်ရှင်၏ အဓိက ကိရိယာများဖြစ်သည်။ နှစ် ၅၀ ကျော်မှ လပေါ်သို့ လူမောင်းနှင်သည့် ယာဉ်များ ထပ်ရောက်ခြင်းလည်းဖြစ်သည်။ ထိုယာဉ်သည် အာကာသယာဉ်မှူး နှစ်ဦးကို တင်ဆောင်သွားနိုင်သလို မောင်းသူမဲ့လည်း သွားလာနိုင်သည်။ လကမ္ဘာ၏ မြေမျက်နှာသွင်ပြင်တော်တော်များများကို သွားလာနိုင်ရန် ဒီဇိုင်းဆွဲထားသည်။

“အာတီမစ္စ လပေါ်သွားယာဉ်က သိပ္ပံစူးစမ်းလေ့လာမှုတွေနဲ့ ရှာဖွေတွေ့ရှိမှုတွေရဲ့ ခရီးရှည်ကြီးကို သွားလို့ရစေမှာဖြစ်ပြီးတော့ အရင်က မရောက်ဖူးတဲ့ လကမ္ဘာနယ်နိမိတ်တွေဆီ လူသားတွေကို ရောက်ရှိစေနိုင်မှာပါ။ လူသားနဲ့ စက်ရုပ်ရဲ့ စူးစမ်းလေ့လာမှုတွေကို အကောင်းဆုံး ပေါင်းစပ်ထားသလို လပေါ်မှာ ကျွန်တော်တို့ အာကာသယာဉ်မှူးတွေနဲ့ အာကာသယာဉ်ရဲ့ ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံမှုတွေအတွက် သိပ္ပံကိရိယာတွေကို ရွေးချယ်ထည့်သွင်းထားပါတယ်”ဟု နာဆာ၏ သိပ္ပံမစ်ရှင်ဌာန တာဝန်ရှိသူတစ်ဦးဖြစ်သော နစ်ကီဖောက်ဇ်က ဆိုသည်။

ရွေးချယ် ထည့်သွင်းထားသော ကိရိယာများထဲတွင် အဲရက်စ်(AIRES)ဟု အမည်ပေးထားသည့် အာတီမစ္စ အနီအောက်ရောင်ခြည် ရောင်ပြန်နှင့် ဖြာထွက်မှု ရောင်စဉ်တိုင်းကိရိယာ ပါဝင်သည်။ ထိုကိရိယာက လပေါ်ရှိ သတ္တုအမျိုးမျိုးနှင့် အငွေ့ပြန်လွယ်သော ဒြပ်ပေါင်းများကို ဖမ်းယူ၊ တိုင်းတာ၊ မြေပုံဆွဲပေးမည်ဖြစ်သည်။

နောက်တစ်မျိုးမှာ အယ်လ်-မက်ပ် (L-MAP) ဟု အမည်ပေးထားသော လကမ္ဘာမိုက်ခရိုလှိုင်း ရောင်စဉ်တိုင်းကိရိယာဖြစ်သည်။ ယင်းမှာ မြေပြင်ကို ဖောက်ထွင်းနိုင်သည့် ရေဒါဖြစ်ပြီး လမျက်နှာပြင်အောက် ၁၃၁ ပေ အကွာအထိကို လေ့လာစူးစမ်းနိုင်မည်ဖြစ်သည်။ ထိုကိရိယာများမှ ရရှိသော အချက်အလက်များကို ပေါင်းစပ်လိုက်လျှင် လကို ဘယ်လိုတည်ဆောက်ထားသလဲ၊ ရေခဲများ မည်သည့်နေရာတွင် ရှိနိုင်မလဲ၊ အချိန်နှင့်အမျှ ဘယ်လိုပြောင်းလဲနေသလဲဆိုသည်တို့ကို စူးစမ်းနိုင်မည်ဖြစ်သည်။

ထိုကိရိယာများအပြင် ယူစီအိုင် အက်စ်-မွန်းဟု အမည်ပေးထားသည့် အရည်အသွေးမြင့် ပုံရိပ်ဖမ်းကိရိယာလည်း ထည့်သွင်းပေးထားသည်။ ယင်းမှာ နောက်ပိုင်းတွင် လပတ်လမ်းပေါ်သို့ လွှတ်တင်နိုင်ရန် စီစဉ်ထားသည့် ကိရိယာဖြစ်ပြီး လ၏ မြေမျက်နှာသွင်ပြင်နှင့် အငွေ့ပြန်လွယ်သောအရာများကို မြေပုံဆွဲရာတွင် အထက်ကဖော်ပြထားသည့် ကိရိယာများကို ကူညီပေးမည်ဖြစ်သည်။

Ref: scitechdaily

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

(ယခင်တစ်ပတ်မှအဆက်)

**Unit 1 LANGUAGE**

**V (3) Read the passage.**

Fourth, we use language to help us perform many social functions, which are very much part of our day-to-day life. This means that we use language: - to greet or to bid farewell (such as: Hello! Bye-bye! See you later. etc.) – to pass on information (such as: The film last evening was very exciting. I believe Dick failed the exam. etc.) – to ask someone a question or two (such as: How are you? Have you done your homework? etc.) – to request (such as: Could you please give me a hand? Pass me the salt, please. etc.) – to ask for permission (such as: May I come in? Could I borrow your bike for the morning? etc.) – to instruct someone what to do or how to do something (such as: Take one tablet three times a day. Add a teaspoon of sugar and stir. etc.) – to direct someone how to get to a certain place (such as: Go down this road. Turn left at the traffic lights. The second building on your left is the museum. etc.) – to thank or express gratitude (such as: Thanks a lot. How very kind of you. Thank you so much. etc.) – to respond to words of thanks and gratitude (such as: The pleasure's mine. Please don't mention it. You're most welcome. etc.) – to apologize or express regret (such as: I'm sorry. What a pity! I'm sorry to hear that. Oh, what a shame! etc.) – to agree or disagree (such as: Yes, that's right. Of course. Sorry, I can't accept that. I'm afraid you're quite wrong there. etc.) – and to perform many, many other functions.

In addition, language reflects culture, preserves culture, passes on culture from one generation to the next, preserves nationality, and also identifies social class.

**(A)Write the correct word or words to complete each sentence.** **(5 marks)**

(1) Many social functions can -------- by using language.
(2) We often say " -------- " to greet someone.
(3) The doctor -------- the patient yesterday to take one tablet three times a day.
(4) If someone lost his way, we had to give the -------- to where he wants to go.
(5) It is -------- that also identifies social class.

**(B) Answer each question in one sentence.** **(5 marks)**

(6) To ask your friend for permission to use his computer, what can you say?
(7) To express gratitude, what can you say?
(8) Is the speech" I can't accept that." agreement or disagreement?
(9) Why do you say that you are welcome?
(10) What does language do?

**Answers**

**Unit 1 LANGUAGE**

IV.(A) 1. beneath the trees 2. Ten thousand saw I 3. Continuous as the stars that shine 4. Wandered lonely as a cloud 5. When all at once I saw a crowd,

(B) 1. The four language skills are listening, speaking, reading and writing. 2. The listening skill develops during the first eighteen months of babyhood. 3. Receptive skills, like listening and reading, are about receiving language, while productive skills, like speaking and writing, are about producing language. 4. The speaking skill typically develops at about the age of one and a half years. 5. Language reflects and preserves culture by passing on culture from one generation to the next. 6. Listening and reading are receptive skills because when we are listening or reading, we are receiving language.

V.(1) (A) (1) several different answers (2) set of skills (3) four skills (4) listening skill (5) listening and reading

(B)
(6) We look at language as: skills, tool, form, and function.
(7) The speaking skill develops at about the age of one and a half years or so.
(8) A child can use his or her mother tongue quite efficiently by about four or five years of age.
(9) A child at five years of age goes to school to learn to read and write.
(10) We are not producing language when we are listening and reading.

V.(2)(A) (1)Vocal symbols (2)to write (3)gestures (4)graphics (5) be used

(B) (6) Language is secondly defined as a tool for communication.
(7)We use gestures when we speak to someone.
(8)Graphics given in the passage are pictures, photographs, charts, table, etc.
(9)Gestures such as the movement of our arms, hands, heads, and also facial expressions can help the listener understand us better when we speak.
(10)We use gestures and graphics in non - verbal communication.

V.(3) (A) (1) be performed (2) Hello! (3)instructed (4) direction (5)language

(B) (6) To ask your friend for permission to use his computer, we can say, " Could I use your computer? "
(7) To express gratitude, we can say, " Thank you so much." or " How very kind of you."
(8) The speech" I can't accept that." is disagreement.
(9) We say that you are welcome to respond to words of thanks and gratitude.
(10) Language reflects culture, preserves culture, passes on culture from one generation to the next, preserves nationality and also identifies social class.

*************************

## Grade 11

(ယခင်တစ်ပတ်မှအဆက်)

**Unit 1 THE AYEYARWADY DOLPHINS**

**(3)Read the passage.**

Ayeyarwady dolphins are slow swimmers and they are generally found in groups of 3 to 6 members, but sometimes up to 15 dolphins are seen together. They usually breathe, bringing only the head out of the water. They produce sounds such as whistles, clicks and screeches to communicate with one another. They can be seen jumping, making bubbles, and hitting the water with their flippers and tails. They can squirt streams of water that can reach up to 1.5 metres above the surface of the water.

One of the most distinctive characteristics of these dolphins is the mutual relationship they have with the local fishermen. By making a tapping sound against the sides of their boats, the local fishermen used to call the dolphins to drive fish into their cast nets. In return, they rewarded the dolphins with a share of the fish that they had caught. The fishermen tried to get the attention of the dolphins in various ways—by striking the sides of their boats with their wooden sticks, by splashing the surface of the water with their oars and by giving their nets several rapid tugs.

**(A) Write the correct word or words to complete each sentence.** **(5 marks)**

(1) The maximum number of Ayeyarwady dolphins in group is --------.
(2) The head of the Ayeyarwady dolphin must be -------- while breathing.
(3) The -------- between Ayeyarwady dolphins and the local fishermen is the most distinctive.
(4) Fish -------- into the cast nets by Ayeyarwady dolphins.
(5) -------- was rewarded to the dolphins by the fishermen.

**(B) Answer each question in one sentence.** **(5 marks)**

(6) How many members do Ayeyarwady dolphins generally group?
(7) Why do Ayeyarwady dolphins produce sound such as whistles, clicks and screeches?
(8) What do Ayeyarwady dolphins usually do?
(9) What do the local fishermen do to call the dolphins?
(10) How did the fishermen try to get the attention of the dolphins?

**(4) Read the passage.**

Ayeyarwady dolphins are now on the verge of extinction. They are listed as a critically endangered species, that is, it may no longer exist in the future as the dolphin population declines year by year. They often get entangled in the fishing nets and they also die as a result of electrofishing, and the use of gillnets and explosives.

Now, in Myanmar the dolphins are under protection. The region in the Ayeyarwady River between Mingun and Kyaukmyaung is officially recognized as a sanctuary to protect the decline of the dolphin population. The Department of Fisheries prohibits the catching or killing of dolphins. The local fishermen are not allowed to use electrofishing, gillnets and explosives, which lead to a steady decline of the population of Ayeyarwady dolphins.

**(A) Write the correct word or words to complete each sentence.** **(5 marks)**

(1) Ayeyarwady dolphins are very close to ---------.
(2) -------- decline endangers dolphin population .
(3) Measures -------- the decline of the dolphin population have been made in Myanmar.
(4) There is a -------- to protect dolphins between Mingun and Kyaukmyaung.
(5) There is no permission for -------- to use electrofishing, gillnets and explosives.

**(B) Answer each question in one sentence.** **(5 marks)**

(6) How are Ayeyarwady dolphins now listed?
(7) What are the causes of the decline of dolphin population?
(8) Where can dolphins be safe in Myanmar?
(9) What is prohibited by the Department of Fasheires?
(10) Why is using electrofishing, gillnets and explosives not allowed?

**Answers**

**Unit 1 THE AYEYARWADY DOLPHINS**

**IV (A)** 1. freight trains slowly crawl 2. old covered bridge 3. Any kinds of bridges 4. cement 5. With its rugged

**(B)** 1. A dolphin looks like a large fish with a long-pointed snout. 2. It is named after the Ayeyarwady River because it was first found there. 3. They can be found in coastal areas in South and Southeast Asia and in freshwater rivers in Myanmar, Indonesia, and Laos. 4. Dolphins are described as intelligent and friendly towards humans. 5. It means that the species may no longer exist in the future as its population is rapidly declining. 6. The Ayeyarwady dolphin population decline year by year because they often get entangled in the fishing nets and they also die as a result of electrofishing, and the use of gillnets and explosives. 7. The Department of Fisheries protects the Ayeyarwady dolphins by prohibiting the catching or killing of dolphins, not allowing the local fishermen to use electrofishing, gillnets and explosives.

**V (1)(A)** (1) which / that (2) intelligence and friendliness (3) popularity (4) Ayeyarwady dolphin's (5) does not

**(B)**
(6) It is said that the dolphin is a kind of sea animal because it looks like a large fish with a long pointed snout.
(7) We can see the Ayeyarwady dolphin in coastal areas in South and Southeast Asia and in freshwater rivers in Myanmar, Indonesia, and laos.
(8) The Ayeyarwady dolphins are regarded as one of the endangered species among the freshwater dolphins in the world.
(9) A rounded head, a very bulging forehead, no beak or snout, short, blunt and triangular dorsal fin and long and broad flippers can distinguish the Ayeyarwady dolphin from other well - known dolphins.
(10) The average length of the Ayeyarwasy dolphin is 2.3 metres and its weight can range from 90 kg to 200 kg.

**V (2)(A)**(1) foods (2) Crustaceans (3) sucks (4) coasts and river mouths (5) to live / to stay

**(B)**
(6) Crabs, lobsters and shrimps are called crustaceans.
(7) The Ayeyarwady dolphins feed on bony fish, fish eggs, and crudtaceans, octopusesand squids.
(8) The Ayeyarwady dolphins usually stay in tropical and subtropical waters and near shallow coastal waters.
(9) The Ayeyarwady dolphins can be seen about 1.6 kilometres far from the shore.
(10) We find the Ayeyarwady dolphins about 1.6 kilometres away from the shore because they do not usually live in deep waters.

******************************

☆ စာမျက်နှာ ၂၀ မှ

Grade 12

**Grade 12**

**Unit 2 KEY TO HAPPINESS**

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. Final exams are often the most s___________ time of the academic year for students.
2. Some p____________ choose to volunteer or work part-time to stay active and engaged.
3. True g____________ comes from giving without expecting anything in return.
4. After months of isolation, he began showing signs of d____________ and sought professional help.
5. Learning a new language can lead to f____________, especially when progress feels slow.
6. Unlike many others, she found c___________ in a simple life close to nature.
7. Instead of feeling e____________, she used others' achievements as motivation to improve herself.
8. Language was the biggest b____________ to their communication during the international project.
9. Traveling gave her the chance to b____________ people from different cultural backgrounds.
10. She is deeply p____________ about wildlife conservation and spends weekends volunteering.
11. A p________ nation should ensure that economic success benefits all social classes.
12. Regular m_________ enhances emotional regulation and cognitive clarity.
13. Despite high expectations, the results of the campaign were rather d_________.
14. The study revealed a strong correlation between m________ health and workplace productivity.
15. it is easy to understand and s___________ with his predicament.
16. Being m_________ of your thoughts and actions can greatly improve self-awareness.
17. In a d_________ attempt to escape poverty, he took a high-risk job overseas.
18. Budget cuts resulted in a r_________ of staff and essential services.
19. Personal a___________ should be measured not only by success but also by integrity.
20. Despite the challenges, the project's successful outcome brought immense s_________.

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

1. All the children are passionate -------- playing with toys.
   (A) with (B) about (C) for
2. No one could give a -------- explanation of occurring nightmares.
   (A) satisfactory (B) satisfied (C) satisfaction
3. There is a clear correlation between -------- and happiness.
   (A) excitement (B) contentment (C) enjoyment
4. Rescue teams were trying to -------- what they do.
   (A) be accomplished (B) accomplishment (C) accomplish
5. Every country in the world has great -------- for the victims of natural disasters.
   (A) entreaty (B) jealousy (C) sympathy
6. ------- people usually share their possessions with others getting in trouble.
   (A) Generous (B) Stingy (C) Greedy
7. Instead of saying, ' Thank you.', you can say, ' I really -------- it.'.
   (A) appreciative (B) appreciation (C) appreciate
8. Muyar recounted her -------- with the giant earthquake.
   (A) experience (B) encounter (C) knowledge
9. The study of mind and behavior is called --------.
   (A) psychology (B) psychologist (C) psychological
10. Students have to know how to use linking words and sentence -------- .
   (A) communicators (B) joiners (C) connectors
11. You ______ forget to bring your ID card to the exam hall.
   (A) mustn't (B) must (C) can
12. Freedom of speech is a basic __________ in democratic societies.
   (A) concept (B) constant (C) content
13. The room was filled with _________ before the competition began.
   (A) exciting (B) excited (C) excitement
14. She was impressed ________ his presentation skills during the meeting.
   (A) for (B) with (C) from
15. She was thrilled _________ her new job offer.
   (A) about (B) with (C) in
16. The person ________ you met yesterday is my cousin.
   (A) who (B) whom (C) whose
17. This is the book __________ I borrowed from the library.
   (A) who (B) which (C) whom
18. That is the boy _________ bike was stolen.
   (A) which (B) whose (C) whom
19. The student _________ phone rang was asked to leave the room.
   (A) who (B) whom (C) whose
20. She felt _________ before the exam.
   (A) stress (B) stressful (C) stressed

**III. Rewrite the sentences according to the instructions given in brackets. (10 marks)**

(1) Seismologists observe earthquakes. Their equipment measures the smallest vibration on the surface of the earth. (Join the sentences, using an appropriate relative pronoun.)
(2) When can we see the manager? We met him in the office a few days ago. (Join the sentences, using an appropriate relative pronoun.)
(3) Everybody should eat fruits and vegetables. They can give minerals, vitamins and fibre. (Join the sentences, using an appropriate relative pronoun.)
(4) Snow returned my exercise book. She borrowed it yesterday. (Join the sentences, using an appropriate relative pronoun.)
(5) Some students have no command over themselves. They are likely to face difficulties in the examination. (Join the sentences, using an appropriate relative pronoun.)
(6) Clothes were washed properly and then ironed. (Join the sentences, using ' after '.)
(7) People said that there is nothing they can do. (Change the sentence into the impersonal passive voice.)
(8) Nay Nay did not keep a sabbath during Thingyan festival and her sisters didn't either. (Join the sentences, using ' neither ----- nor '.)
(9) It was hotter yesterday than it is today. (Rewrite the sentences, using ' not as ------- as '.)
(10) The poetess wrote her poem so clearly that we can understand every line in the verse. (Join the sentences, using ' enough to '.)
(11) He forgot my birthday.He didn't apologize afterward. (Join the sentences, beginning with "Not only … but also".)
(12) She introduced me to her brother. I had never met him before. (Join the sentences, using an appropriate relative pronoun or relative adverb.)
(13) She finished her homework. She went out with her friends. (Join the sentences, using ' after '.)
(14) She completed the project. No one helped her. (Join the sentences, using ' without '.)
(15) The concert was fantastic. It was filled with energetic performances. (Join the sentences, using ' such '.)
(16) The teacher gave us an interesting lesson. She explained the topic clearly. (Join the sentences, using "It is/ was … who/ that…".)
(17) He checked his phone. He didn't see the message. (Join the sentences, using "without".)
(18) The storm caused severe damage. It brought heavy rain and flooding. (Use "not only … but also".)
(19) She didn't attend the meeting. She didn't reply to any emails. (Join, using "neither … nor")
(20) She studies harder. She performs better on exams. (Rewrite the sentence, using "the more/ less/ -er…, the more/ less/ -er…")

**IV (A) Write the appropriate words or phrases to complete the lines of verse. (5 marks)**

1. Go to sea, plant a tree,
   Find how __________ fly,
2. Train a horse, and of course
   Have ___________ you 'd like,
   See the moon, a sandy dune,
3. ________________________
   You'll find inside those walls.
4. A world is there for you to share
   ________________________.
   You cannot tell its magic
5. By the way the building looks,
   But there's wonderment within it,
   ________________________.

**IV (B) Answer the questions in complete sentence. (5 marks)**

1. What do people do to reduce stress?
2. What does 'happiness' mean according to the Meriam-Webster Dictionary (2016)?
3. What do most people believe about money?
4. What is the biggest barrier to happiness?
5. Why are many people trying to get rich in every possible way?
6. How should we respond to everything that happens to find happiness?
7. What does meditation give us?
8. Why are generous people happier and healthier than those who are not?
9. What is the best thing we should do when we are envious of others?
10. Why is contentment the key to happiness in life?
11. Describe the steps of practicing meditation. (Old question 2025 ပဲခူးတိုင်း)
12. Why do people need to reduce work-related stress? (Old question 2025)
13. What do these lines mean?
    Made of stone and glass and marble,
    Made of iron and concrete.

**V.(1)Read the passage.**

According to the Meriam-Webster Dictionary (2016), 'happiness' means 'a state of well-being and contentment'. Psychologically, when you are in a peaceful state of mind or when you have no stressful factors to think about, you are most likely to feel relaxed and happy. Whatever you are – a student, a worker, a housewife or a pensioner, happiness means a better quality of life.

A group of scientists who have examined a number of studies from across the world have suggested ten ways to achieve happiness:

**1.Have a good relationship with friends and family**

It seems reasonable to assume that what makes people really happy is their relationships with others. Having a wide circle of friends and family is more enjoyable than having a lot of money. In addition, people with large families and lots of close friends are happier than people who live on their own. Sometimes you may not be in a good mood or may feel depressed. At that time, if you hang out with friends or spend time with your family, your stressful feelings will be released. It has even been suggested that a happy home life and good friends can protect against illness.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) It is -------- that defined happiness in 2016.
(2) To be --------, your state of mind must be peaceful.
(3) -------- people are people who own a better quality of life.
(4) According to the -------- of scientists, there are ten ways to achieve happiness.
(5) Having a lot of money is not as -------- as having a wide circle of friends and family.

**(B) Answer each question in one sentence. (5 marks)**

(6) When are people likely to be relaxed and happy?
(7) What does happiness psychologically mean?
(8) How can people achieve happiness according to scientists?
(9) What can make people feel happier than living on their own?
(10) Why should you hang out with friends or spend time with your family?

******************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ကူရိုဆာကီသည် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့်မြန်မာ ယူ-၂၃ အသင်းတွင်ဂိုးသမား-ဟိန်းထက်စိုး(ရှေဝတီယူနိုက်တက်)၊ နိုင်လင်းအောင် (သစ္စာအားမာန်)၊ အောင်ပြည့်ဖြိုး (ဒဂုံစတားယူနိုက်တက်)၊ နောက်တန်း-မာတီးနို (အား/ကာသိပ္ပံ ယူ-၂၁)၊ ဝေယံလင်းသူ (ရှေဝတီယူနိုက်တက်)၊ မြတ်ဖုန်းခန့်(သစ္စာအားမာန်)၊ ထူးဝေယံ၊ ခန့်ဇင်ဟိန်း (မဟာယူနိုက်တက်)၊ ဆင်မြူရယ်ငိုင်ကီး (ရတနာပုံ)၊ စခန့်ချော (ဒဂုံစတားယူနိုက်တက်)၊ ခွန်ချိုထူး (ရန်ကုန်ယူနိုက်တက် ယူ-၂၁)၊ အလယ်တန်း-ရဲရင့်ဖြိုး (ရှေဝတီယူနိုက်တက်)၊ အာကာကျော်၊ သာယာဝင်းထက်၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ မိုးဆွေ၊ စွမ်းထက် (ဒဂုံစတားယူနိုက်တက်)၊ မင်းမော်ဦး၊ ရှိုင်းဝဏ္ဏအောင် (သစ္စာအားမာန်)၊ သန်းတိုးအောင် (ဟံသာဝတီယူနိုက်တက်)၊ ရှေ့တန်း-ဝင်းပြည့်မောင် (အား/ကာသိပ္ပံ)၊ စောမျိုးဇော် (သစ္စာအားမာန်) နှင့် ဖွဲ့မာန်သာ (ဟံသာဝတီယူနိုက်တက်) တို့ ပါဝင်သည်။


မြန်မာ ယူ-၂၃ အသင်း လေ့ကျင့်နေစဉ်။

မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ကူရိုဆာကီက ကိုင်တွယ်နေပြီး မတ်လကတည်းက လေ့ကျင့်နေခြင်းဖြစ်သည်၊ မြန်မာ ယူ-၂၂ အသင်းသည် မတ်လ နိုင်ငံတကာရက်သတ္တပတ်တွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ၊ ဇွန်လ နိုင်ငံတကာရက်သတ္တပတ်တွင် တရုတ် ယူ-၂၂ အသင်းနှင့် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ ကစားထားသလို စခန်းဝင်လေ့ကျင့်ကတည်းက လက်ရှိအချိန်အထိ ပြည်တွင်းကလပ်အသင်းများ၊ မြန်မာ့လက်ရွေးစင်အသင်းတို့နှင့် ကွင်းပိတ်ခြေစမ်းပွဲများ ဆက်တိုက်ကစားထားသည်။

ဇူလိုင် ၁၅ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု(ဂ)တွင် ထိုင်း၊ မြန်မာ၊ တီမောအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁၆ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၂၂ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MFF**

# MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံး

**ရန်ကုန် ဇူလိုင် ၁၃**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၃) နောက်ဆုံးနေ့ကို ဇူလိုင် ၁၃ ရက်က ပဒုမ္မာကွင်း၌ကျင်းပရာ ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။

ရတနာပုံအသင်းသည် ယခုသရေပွဲကြောင့် အဆင့်ကျသွားခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှာမူ တတိယမြောက် သရေပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။နှစ်သင်းစလုံးကြိုးစားကစားသော်လည်း အဆုံးသတ် အားနည်းမှုကြောင့် နိုင်ပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ပထမအကျော့အပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့က ၂၇ မှတ်စီ၊ သစ္စာအားမာန်အသင်းက ၂၂ မှတ်၊ Junior Lions အသင်းက ရမှတ် ၂၀၊ ရာမညယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရှေဝတီယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့က ၁၈ မှတ်စီ၊ ရတနာပုံအသင်းက ၁၆ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ကိုးမှတ်၊ မဟာယူနိုက်တက်အသင်းက ငါးမှတ်၊ Dagon Port အသင်းက တစ်မှတ်ရရှိထားသည်။

**သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MNL**


ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# Futsal Champion Cup 2025 ပြိုင်ပွဲတွင် ရှုံးထွက် အဆင့်တက်ရောက်သည့်အသင်းများ ထွက်ပေါ်

**ရန်ကုန် ဇူလိုင် ၁၃**

Futsal Champion Cup 2025 ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ နောက်တစ်ဆင့် တက်ရောက်သည့် အသင်းများ ထွက်ပေါ်လာပြီဖြစ်သည်။


Pacific Sun Far အသင်းနှင့် ULAD အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အုပ်စုစတုတ္ထနေ့တွင် JZ Yan-gon အသင်းက ပြည့်ကြီးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက ULAD အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ MIU အသင်းက 7 Brother အသင်းကို ငါးဂိုး-တစ်ဂိုး၊ United City အသင်းက ဟံသာဝတီအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ YRG အသင်းက ပြည့်စုံအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး 7 Dragon အသင်းနှင့် VUC အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (က) ၌ JZ Yangon အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ နောက်တစ်ဆင့် တက်ရောက်ရန် သေချာခဲ့ပြီး လက်ကျန် တစ်နေရာအတွက် နှစ်မှတ်ရထားသည့် VUC အသင်း၊ တစ်မှတ်စီရထားသည့် ပြည့်ကြီးအသင်းနှင့် 7 Dragon အသင်းတို့ အခွင့်အရေးရှိနေသည်။ အုပ်စု (ဂ) ၌ United City အသင်းနှင့် YRG အသင်းတို့က နှစ်ပွဲစီအနိုင်ရရှိကာ ရမှတ်ခြောက်မှတ်စီဖြင့် ထိပ်တိုက်မတွေ့ဆုံမီ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

အုပ်စုပွဲများကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - မောင်စံကြီး**
**ဓာတ်ပုံ - MFF**

# တနိုင်းမြို့နယ်၌ ရပ်ကွက်ကျေးရွာပေါင်းစုံ မိုးရာသီ(အလွတ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တနိုင်း ဇူလိုင် ၁၃**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ရပ်ကွက်ကျေးရွာပေါင်းစုံ မိုးရာသီ(အလွတ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။




ဘောလုံးပွဲဖွင့်ပွဲတွင် စတင်ယှဉ်ပြိုင်ကစားကြမည့် အသင်းနှစ်သင်းတို့က FIFA Fair play အလံဖြင့် ကွင်းအတွင်းနေရာယူကြပြီး ဒေးကောင်းရပ်ကွက်အသင်းနှင့် ဆင်မ်ဆာမ့်ကောင်းရပ်ကွက်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြသည်။

ဒေသကွပ်ကဲရေးမှူးက အကအလှအဖွဲ့များအား ငွေကျပ် ၁၀ သိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ငွေကျပ် ငါးသိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ဒိုင်လူကြီးများအား ငွေကျပ်ငါးသိန်း၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများက အားကစားအဖွဲ့များအား ဝတ်စုံစရိတ် အသင်းတစ်သင်းလျှင် ငွေကျပ် ငါးသိန်းဖြင့် အသင်းခုနစ်သင်းအား ငွေကျပ် ၃၅ သိန်း ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (တနိုင်း) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ကျော်ဖုန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်လင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မနော‌မြေ(တနိုင်း)**

❂ အသက်(၁၈)နှစ်မှ

ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)၏ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်ကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အိမ်ရှင်ရှမ်းပြည်နယ်အသင်းသည် ဒုတိယပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ယှဉ်ပြိုင်ကစားကြသည်။

ထိုသို့ ယှဉ်ပြိုင်ကစားစဉ် ပွဲကစားချိန် ၂၄ မိနစ်၌ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ် (၉) ခွန်ဟိန်းသူအောင်က ပထမဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး မကွေးတိုင်းဒေသကြီးအသင်းကလည်း ပြန်လည်ချေပဂိုးရရှိရေးအတွက် အသင်းနှစ်သင်းသည် ပွဲစဉ်တစ်လျှောက် အကြိတ်အနယ်ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကာ ပြိုင်ပွဲအပြီးတွင် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအပါအဝင် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ် ၂၀၀၀ ခန့် တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၃ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သဖြင့် အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒမ်ဘီလီရဲ့ ဘလွန်းဒီအောဆု ရေပန်းစားမှု အမှန်တကယ် ဖြစ်လာမလား

ကမ္ဘာ့အကောင်းဆုံးကစားသမားကို ဘောလုံးရာသီ တစ်ရာသီအတွင်း အကောင်းဆုံးစွမ်းဆောင်နိုင်မှုအပေါ်မူတည်ကာ ပေးအပ်ချီးမြှင့်လေ့ရှိတဲ့ ဘလွန်ဒီအောဆုပေးပွဲကြီးကို စက်တင်ဘာ ၂၂ ရက်မှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဘလွန်းဒီအောဆုအတွက် ရေပန်းအစားဆုံး ကစားသမားတွေကတော့ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး ဒမ်ဘီလီနှင့် ပေါ်တူဂီကြယ်ပွင့် ဗီတင်ဟာ၊ လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာ၊ ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး ရာဖင်ဟာနှင့် စပိန်တိုက်စစ်မှူး ယာမယ်လ်၊ ဘိုင်ယန်မြူးနစ်အသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဟာရီကိန်းတို့ပဲ ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်မယ့် ဘလွန်းဒီအောဆုဟာ (၆၉)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ တစ်နှစ်တာအတွင်း စွမ်းဆောင်ရည်ပြသနိုင်ခဲ့တဲ့ ကစားသမားက ရရှိမှာလည်း ဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိအချိန်မှာ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဒမ်ဘီလီဟာ တစ်ဦးချင်းရော အသင်းလိုက်ပါ ခြေစွမ်းကောင်းနဲ့ အောင်မြင်မှုတွေ ရရှိယူနိုင်ခဲ့တာကြောင့် ဘလွန်းဒီအောဆုကိုရရှိဖို့ ရေပန်းအစားဆုံး ကစားသမားတွေထဲမှာ ထိပ်ဆုံးက ရပ်တည်နေတာ ဖြစ်ပါတယ်။

ဒမ်ဘီလီဟာ လူဝစ်အင်းနရစ်ရဲ့ ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပြည်တွင်းဖလားအားလုံးကို ရယူဆွတ်ခူးနိုင်ခဲ့တဲ့အပြင် ဥရောပရဲ့ အမြင့်ဆုံးဖလားဖြစ်တဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့ပြီး ယခုယှဉ်ပြိုင်ကစားနေတဲ့ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ပီအက်စ်ဂျီအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒမ်ဘီလီဟာ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွင်းမှာ သွင်းဂိုး ၃၅ ဂိုး၊ ဂိုးဖန်တီးမှု ၁၄ ကြိမ်ရှိခဲ့ပြီး ဥရောပရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် သတ်မှတ်ခံခဲ့ရတာ ဖြစ်ပါတယ်။ ဒါ့ပြင် ဒမ်ဘီလီဟာ ပျမ်းမျှအားဖြင့် ၉၆ ဒသမ ၉၄ မိနစ်တိုင်းမှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။




ဒမ်ဘီလီရဲ့ လက်ရှိဘလွန်းဒီအောဆုအတွက် အဓိက ပြိုင်ဘက်တွေအဖြစ် သတင်းထွက်ပေါ်နေတာကတော့ ယာမယ်လ်နဲ့ ရာဖင်ဟာတို့ဖြစ်ပြီး ဒမ်ဘီလီကတော့ တစ်ဦးချင်းစွမ်းဆောင်ရည်၊ အသင်းလိုက်အောင်မြင်မှုစတဲ့ ဂုဏ်ပုဒ်တွေနဲ့ ဘလွန်းဒီအောဆုအတွက် ရေပန်းစားနေတာဖြစ်ပေမယ့် ယာမယ်လ်နဲ့ ရာဖင်ဟာ တို့ကတော့ တစ်ဦးချင်း စွမ်းဆောင်ရည်ထက် အသင်းရဲ့ ဆုဖလား ရရှိမှုနဲ့ အောင်မြင်မှုအခြေအနေအပေါ်မှာ ဘောလုံး အသိုင်းအဝိုင်းက ဦးစားပေးကစားသမားတွေအဖြစ် သတ်မှတ်ခံထားရတာဖြစ်ပါတယ်။

ဒမ်ဘီလီဟာ ၂၀၂၅ ခုနှစ်အတွင်း ပေးအပ်ချီးမြှင့်မယ့် ဘလွန်းဒီအောဆုအတွက် ဆုဖလားရရှိမှု၊ အသင်းလိုက်အောင်မြင်မှုတို့ကြောင့် တစ်ဦးချင်းထူးချွန်မှုရှိခဲ့ပြီး အသင်းလိုက်အောင်မြင်မှု မရရှိခဲ့တဲ့ လီဗာပူးအသင်းတိုက်စစ်မှူး မိုဟာမက်ဆာလာ၊ ဘာစီလိုနာအသင်း တိုက်စစ်မှူး ရာဖင်ဟာနှင့် ယာမယ်လ်စတဲ့ ကစားသမားတွေကို ကျော်ဖြတ်ပြီး ဘလွန်းဒီအောဆုကို လက်ရှိရေပန်းစားနေတဲ့အတိုင်း အမှန်တကယ် ဆွတ်ခူးနိုင်ပါ့မလားဆိုတာကတော့ စိတ်ဝင်စားဖွယ် စောင့်မျှော်ရဦးမှာ ဖြစ်ပါတယ်။

# နော်တင်ဟမ်ဖောရက်စ် တောင်ပံကစားသမား အီလန်ဂါအား ပေါင် ၅၅ သန်းဖြင့် နယူးကာဆယ်အသင်း ခေါ်ယူ

နယူးကာဆယ်အသင်းဟာ နော်တင်ဟမ်ဖောရက်စ်အသင်း တောင်ပံကစားသမား အီလန်ဂါကို ပြောင်းရွှေ့ကြေး ပေါင် ၅၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အီလန်ဂါဟာ နယူးကာဆယ်အသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ပရီမီယာလိဂ် အဆင့်(၅)နေရာမှာ ရပ်တည်ခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီမှာ နယူးကာဆယ်အသင်းနဲ့အတူ ချန်ပီယံလိဂ် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိမှာ ဖြစ်ပါတယ်။

တောင်ပံကစားသမား အီလန်ဂါဟာ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ပရီမီယာလိဂ်ပြိုင်ပွဲမှာ နော်တင်ဟမ်ဖောရက်စ်အသင်းအတွက် သွင်းဂိုး ခြောက်ဂိုးနဲ့ ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အီလန်ဂါဟာ ၂၀၂၃ ခုနှစ်က မန်ယူအသင်းကနေ နော်တင်ဟမ်ဖောရက်စ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး နော်တင်ဟမ်ဖောရက်စ်အသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့သူ ဖြစ်ပါတယ်။

အီလန်ဂါဟာ အသက် ၁၂ နှစ်အရွယ်မှာ အိုထရက်ဖို့ဒ်သို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်ယူအတွက် ပွဲစဉ်စုစုပေါင်း ၅၅ ပွဲ ပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။




ငွေကြယ် - ရေးသားသည်




# အာဆင်နယ်အသင်းက ပစ်မှတ်ထားနေတဲ့ ဂျိုကာရက်ဇ် စပို့တင်းအသင်းရဲ့ စည်းမျဉ်းစည်းကမ်း မလိုက်နာမှုဖြင့် ရင်ဆိုင်နေရ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး ဂျိုကာရက်ဇ်ဟာ စပို့တင်းအသင်းရဲ့ ရာသီအကြို လေ့ကျင့်ရေးအစီအစဉ်တွေမှာ ပါဝင်ဆောင်ရွက်ရန် သတင်းပေးပို့ခြင်း ပျက်ကွက်ခဲ့ပြီးနောက် အသင်းရဲ့ စည်းမျည်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း ပျက်ကွက်မှုဖြင့် ရင်ဆိုင်နေရကြောင်း အသင်းဥက္ကဋ္ဌ ဗာရန် ဒက်စ်က ပြောကြားခဲ့ပါတယ်။

ဒါ့ပြင် အဲဒီလိုကိစ္စတွေဖြစ်ပေါ်လာပါက အပြောင်းအရွှေ့ကိစ္စတွေနဲ့ဆက်နွှယ်တဲ့ မလိုလားအပ်တဲ့ အကြောင်းအရာတွေလည်း ဖြစ်ပေါ်လာနိုင်တယ်လို့ ဗာရန်ဒက်စ်က ဆက်လက်ပြောကြားခဲ့ပါတယ်။

ဘီဘီစီအားကစားသတင်းရဲ့ ဖော်ပြချက်မှာတော့ အာဆင်နယ်အသင်းအားကစားဒါရိုက်တာ အန်ဒရီရာဘာတာဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက ဆွီဒင်တိုက်စစ်မှူး ဂျိုကာရက်ဇ်နဲ့ ပေါ်တူဂီနိုင်ငံမှာ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။

ဂျိုကာရက်ဇ်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက စပို့တင်းအသင်းနဲ့အတူ ၅၂ ပွဲ ပါဝင်ယှဉ်ပြိုင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၅၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် အာဆင်နယ်အသင်းအပြင် မန်ယူအသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားခြင်းခံခဲ့ရတာလည်း ဖြစ်ပါတယ်။

# အနီဆီမိုဗာကို အနိုင်ရပြီး ဝင်ဘယ်ဒန်တင်းနစ်ဖလား ဆွီယာတက် ဆွတ်ခူး

ပိုလန်တင်းနစ်မယ်ဆွီယာတက်နဲ့ အမေရိကန်တင်းနစ်မယ် အနီဆီမိုဗာတို့ ဇူလိုင် ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဆွီယာတက်က အနီဆီမိုဗာကို အနိုင်ရရှိခဲ့ပြီး ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

**အနိုင်ရရှိ**

ဆွီယာတက်နဲ့ အနီဆီမိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်မှာ ဆွီယာတက်က ၆-၀၊ ၆-၀ ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆွီယာတက်ဟာ ဝင်ဘယ်ဒန်တင်းနစ်ဖလားကို ရရှိခဲ့ပြီဖြစ်တာကြောင့် လက်ရှိအချိန်မှာ ဂရန်းဆလမ်းချန်ပီယံဆုဖလားကို ခြောက်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

**ဆွတ်ခူးနိုင်ခဲ့**

ဆွီယာတက်ဟာ လက်ရှိရယူဆွတ်ခူးနိုင်ခဲ့တဲ့ ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားမတိုင်ခင်က ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို လေးကြိမ်နဲ့ အမေရိကန်တင်းနစ်ဆုဖလားကို တစ်ကြိမ် ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဆွီယာတက်ဟာ ဝင်ဘယ်ဒန်တင်းနစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တာကြောင့် ဂရန်းဆလမ်းပြိုင်ပွဲ လေးခုအနက် ပြိုင်ပွဲသုံးခုမှာ ချန်ပီယံဖြစ်ခဲ့တဲ့ တင်းနစ်မယ်တွေထဲမှာ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံပြီးရင် ပထမဆုံးတင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။



# မိုင်းကိုင်မြို့နယ်၌ သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး



မိုင်းကိုင် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်မှူး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းများမှ တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ်မှုများဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းမှုတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်မှူး ဦးကျော်မိုးတင့်၊ သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖေသိန်းနှင့်အဖွဲ့သည် ဆင်ခြေဖုန်းမြောက်ကျေးရွာအုပ်စုရှိ တောင်သူ ဦးဝိမလ ပိုင်လယ်မြေဧက ခြောက်ဧကတွင် DU-12 စပါးမျိုးများ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုသည်။

မိုင်းကိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် မိုးစပါးစီမံကိန်းပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သမဝါယမအသင်းများကစုပေါင်း၍ ရွှေလွယ်လိုင် စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၊ ရွက်သစ်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၊ ဆင်ခြေဖုန်းမြောက် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့မှ သမဝါယမအသင်းသားတောင်သူ ၄၀၊ လယ်မြေဧက ၂၁၄ ဧကအတွက် သွင်းအားစုတန်ဖိုးငွေကျပ် ၄၂၈ သိန်းကို ပံ့ပိုးထားကြောင်း သိရသည်။

ချော(မိုင်းကိုင်)

# ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါးများနှင့် ထောက်ပံ့ငွေများပေးအပ်

ပြည် ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်နှင့် ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးတို့သည် တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပြည်မြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၌ ကိုယ်ဝန်ဆောင် မိခင်များနှင့် ကျန်းမာရေးဝန်ထမ်း သားဖွားဆရာမများကို တွေ့ဆုံအားပေးစကားပြောကြားကာ အာဟာရဖြည့်အစားအစာများ၊ ဆေးဝါးများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

## ချီးမြှင့်ပေးအပ်

ဦးစွာ အဆိုပါအသင်းပိုင် သားဖွားခန်း၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသော ကိုယ်ဝန်ဆောင် မိခင်များအား အားပေးစကား ပြောကြားပြီး ၎င်းတို့အတွက် တစ်ဦးချင်း ထောက်ပံ့ငွေနှင့် ဆီ၊ ကြက်ဥ၊ အာဟာရမုန့်များနှင့် ဆေးဝါးများ ပေးအပ်ကာ ကျန်းမာရေးဝန်ထမ်း သားဖွား ဆရာမများအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



# မိုင်းယောင်းမြို့၌ အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း အသိပညာပေးဟောပြော

မိုင်းယောင်း ဇူလိုင် ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့က အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ တပ်ကြပ်ကြီး (တာဝန်) ဦးထက်မြတ်ထွန်းက



အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်ခြင်းအကြောင်းများကို ဟောပြောသည်။

ယင်းနောက် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက အန္တရာယ်ဖြစ်နိုင်ခြေ သိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာ ပြုမူနေထိုင်ခြင်း အကြောင်းများကို ပိုစတာများဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**“မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ”**

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံ အဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**“မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ”**

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး (*Vibrio cholerae*) ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့်သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဖြစ်ပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။

ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/သောက်သုံးရေများဆီသို့ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေသြဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။

**ရောဂါလက္ခဏာများမှာ-**

အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်း မြန်ခြင်း၊ အရေပြား၏ကျုံ့နိုင်ဆန့်နိုင်အားလျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။

**ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ-**

အစာမစားမီနှင့်အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့်အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်းနှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ၊ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးပြား ခတ်ထားသောရေ သို့မဟုတ် FDA အသိမှတ်ပြုထားသော သောက်ရေသန့်ကိုသာသောက်သုံးပါ၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးပါ၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ကာလဝမ်းရောဂါ)ဖြစ်ပွားပါက အချိန်မီကုသမှုမခံယူလျှင် လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်၊ မေလ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်–

| ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|
| (က) စာရင်းကိုင် (၄) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၄) နေရာ | လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်C.P.A(သို့) ဝါဏိဇ္ဇဘွဲ့B.Com (သို့) ဘွဲ့တစ်ခုခုရရှိပြီး စာရင်းကိုင်ဒီပလိုမာ D.A အောင်ရမည်။ L.C.C.I LEVEL II (London) Chamber of Commerce and Indusrty မှ ချီးမြှင့်သောအောင်လက်မှတ်ဖြစ်ရမည်။ |
| ( ခ ) ယာဉ်မောင်း(၅) (၁၆၂၀၀၀ – ၂၀၀၀– ၁၇၂၀၀၀) | (၁) နေရာ | အခြေခံပညာမူလတန်းအောင်ရမည်။ယာဉ်မောင်းလိုင်စင်(ခ)သက်တမ်း(၂)နှစ်ရှိရမည်။ |
| (ဂ) ပုံနှိပ်ကျွမ်းကျင် – ၅ (စက်၊ စာအုပ်ချုပ်) (၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀) | (၂၅) နေရာ | အခြေခံပညာအလယ်တန်းအောင်ရမည်။ |

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( ဂ ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၃၁ – ၇ – ၂၀၂၅) ရက်နေ့တွင် အသက်(၃၀) နှစ်ထက်မကြီးရ။ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ဃ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃) နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်။

( င ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်း အမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့် မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးအကျဉ်းနှင့် အောက်ပါအထောက်အထားများ ပူးတွဲလျက် **"ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်"**ဟု လိပ်စာတပ်၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာ ဌာနခွဲသို့လည်းကောင်း၊ အမှတ်(၄၈)လမ်း၊ (၁၀၅)(၁၀၆)ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်ရှိအထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံသို့လည်းကောင်း၊ (၁၁ – ၈ – ၂၀၂၅) ရက်နေ့နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်–

(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊ ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်။

( ခ ) ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ/ရာထူးများအလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ **(လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)။**

( ဂ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၃) ပုံ **(နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)။**

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းတို့မှ ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

( င ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။ **(စာမေးပွဲလာရောက်ဖြေဆိုသည့်အခါ မူရင်းပြသရမည်။)**

( စ ) ပြင်ပမှ လျှောက်ထားသူများအတွက် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။ **(ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)**

(ဆ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။

( ဇ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

( ဈ ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။

၄။ လျှောက်လွှာပိတ်ရက် **(၁၁ – ၈ – ၂၀၂၅ )**ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၅။ စာရင်းကိုင် – ၄ ရာထူးလျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များပါဝင်သော အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား (၂)နာရီမေးခွန်းဖြင့် **(၂၈ – ၈ –၂၀၂၅) ရက်နေ့ (နံနက် ၁၀:၃၀ နာရီ)**တွင် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၌ ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးမှုနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများအတွက် ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

၆။ ယာဉ်မောင်း –၅၊ ပုံနှိပ်ကျွမ်းကျင် –၅ (စက်၊ စာအုပ်ချုပ်)ရာထူး လျှောက်ထားသူများသည် လူတွေ့၊လက်တွေ့စာမေးပွဲဖြေဆိုခြင်းကို **(၁၁ – ၉ –၂၀၂၅) ရက်နေ့ (နံနက် ၁၀:၃၀နာရီ)**တွင် နေပြည်တော် ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၌ ဖြေဆိုရမည်ဖြစ်ပါသည်။

၇။ စာရင်းကိုင် (၄)ရာထူးနေရာအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများနှင့် ယာဉ်မောင်း –၅၊ ပုံနှိပ်ကျွမ်းကျင် –၅ ရာထူးဖြေဆိုမည့် လူတွေ့၊လက်တွေ့ဖြေဆိုခွင့်ကတ်ပြားများကို **(၂၀–၈–၂၀၂၅)** ရက်နေ့တွင် ရုံးအမှတ်(၇)၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌လည်းကောင်း၊ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။ အသေးစိတ်သိရှိလိုပါက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ တယ်လီဖုန်း အမှတ် – ၀၆၇၃ – ၄၁၂၂၀၃ / ၀၆၇၃ – ၄၁၂၂၀၅ ၊ ၀၁၈ – ၂၅၁၈၉၂၊ ၀၉ – ၄၄၃၉၀၀၇၄၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁ စက်မှုဝန်ကြီးဌာနတွင် အသုံးပြုမည့် Lot (9) Binding Machine, Stapler, Laminating Machine & Paper Cutter ပစ္စည်းများကို ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်–

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – ၁၄–၇–၂၀၂၅ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | – ၂၁–၇–၂၀၂၅(၁၆:၀၀ နာရီ) |
| တင်ဒါပေးသွင်းရမည့်နေရာ | – စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ |
| တင်ဒါစုံစမ်းရန်ဌာန | – ထုတ်လုပ်မှုညှိနှိုင်းရေးဌာန ဖုန်း–၀၆၇–၃၄၀၅၁၇၀, ၃၄၀၅၀၄၂ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) အဆောက်အဦအရွယ်အစားနှင့်အမျိုးအစား

(၁) သာကေတတွင် RC (၆)ခန်းတွဲ (၅)ထပ်၊ အမှုထမ်းဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း၊ Pile Foundation အပါအဝင် (မြို့ပြ + ရေ + လျှပ်စစ်)( ၁၈၄၈၀ စတုရန်းပေ) — LOT–1

(၂) အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အဆောက်အဦ ဆေးသုတ်ခြင်း(အတွင်း ၂၀၁၄၃၀ စတုရန်းပေ) (အပြင် ၄၈၂၄၆ စတုရန်းပေ) (မျက်နှာကြက် ၅၈၄၂၂ စတုရန်းပေ) — LOT–2

| | | |
|---|---|---|
| (ခ) | တင်ဒါပုံစံစတင် ရောင်းချမည့်ရက် | – ၃၀–၆–၂၀၂၅ (တနင်္လာနေ့) |
| (ဂ) | တင်ဒါပုံစံအရောင်း ပိတ်မည့်ရက် | – ၃၀–၇–၂၀၂၅ |
| (ဃ) | တင်ဒါပုံစံတင်သွင်း ရမည့်နောက်ဆုံးရက် | – ၃၀–၇–၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက်(၀၉:၃၀)မှ ညနေ (၁၆:၀၀)နာရီထိ |
| (င) | တင်ဒါပုံစံစတင် ရောင်းချမည့်နေရာ | – အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |

၂။ တင်ဒါဖွင့်လှစ်မည့် နေ့ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း ၀၉–၇၆၄၅၆၄၅၅၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၆)၊ ဦးပိုင်အမှတ် (၁–က)၊ ၆၃–လမ်းနှင့် ၂၃–လမ်းထောင့်ရှိ ဦးရဲမြင့်အောင်၊ ဒေါ်ချစ်ချစ် ပူးတွဲအမည်ပေါက် ဘိုးဘမြေကွက်အား ဇနီးဖြစ်သူ ဒေါ်ချစ်ချစ်ကွယ်လွန်၍အမွေဆက်ခံစာချုပ်အမှတ် (၁၀၁၅/၂၀၂၅) ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးရဲမြင့်အောင် [၉/မရမ(နိုင်)၀၁၉၅၉၂] က အမှုတွဲအမှတ် (၀၁၄၄/၂၀၂၅–၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အိမ်ခြံမြေ" ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သက်စုဝင်း [၇/အဖန(နိုင်)၀၉၅၂၀၇] သည် "ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)တောင်၊ (၁၃)ရပ်ကွက်၊ ဇေယျဝတီ(၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၂၁၄၇/က)၊ အိမ်အမှတ်–(၂၁၄၇/က)ဟုခေါ်တွင်သော အကျယ် (၂၀x၆၀) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်၏ ခေါင်းရင်းဘက်ခြမ်း အကျယ်(၁၀x၆၀)ပေရှိ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော "ဒေါ်ဝိုင်း [၁၂/သကတ(နိုင်)၀၁၇၈၉၂]"ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မေသဥ္ဇာသိန်း (LL.B)** (စဉ် – ၁၄၅၉၈)

**ဒေါ်ပွင့်သူဇာ(LL.B)** (စဉ်–၁၄၅၉၂)

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၈)၊ လူနေရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်-(၁၉၅)၊ အလျား(၄၀)ပေ×အနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ ဦးစောကျော်လှမောင်(CE-၀၈၂၂၁၅)အမည်ပေါက်၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်မြေကွက်တည်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အုတ်လှငယ်လမ်း၊ အိမ်အမှတ်(၁၉၅/က)၊ အလျား(၄၀)ပေ×အနံ(၆၀)ပေရှိသည့်အနက် တရားဝင်မခွဲမစိတ်ရသေးသော အလျား(၂၀)ပေ×အနံ(၆၀)ပေ (အုတ်လှငယ်လမ်းမှ မျက်နှာမူလျှင် မြေကွက်၏ ယာဘက်ခြမ်း)ဟုခေါ်တွင်သောမြေကွက်၊ အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ကိုယ်တိုင် ဦးစောကျော်လှမောင်(ခ)ဦးကျော်လှမောင် (၁၂/ရကန(နိုင်)၀၄၁၀၀၉)(CE-၀၈၂၂၁၅) လက်ရှိထားပိုင်ဆိုင်လျက် အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်အလို့ငှာ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးအောင်မျိုးခိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၈)

**ဒေါ်အေးသန့်ဇင်(LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၄၆)

အမှတ်(၁၉)၊ ပထမထပ်၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၃၀၉၀၀၃၄ ၊ **၀၉-၄၄၃၁၀၂၃၆၄**

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ ဦးပိုင်အမှတ်(၁၀၅–က)၊ ၈၁–လမ်း၊ ၁၅x၁၆ လမ်းကြားရှိ ဦးအောင်သန်း(သား) မောင်ကျော်စိန်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ် (၃၂၆၈/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဦးကျော်စိန်၊ ဒေါ်ခင်ဖြူဝင်းတို့(၂) ဦးအနက် ဒေါ်ခင်ဖြူဝင်းထံမှ စွန့်လွှတ်စာချုပ်အမှတ် (၄၃၉၄/၂၀၂၄) ဖြင့် စွန့်လွှတ် ခြင်းကိုလက်ခံခဲ့သူ ဦးကျော်စိန် [၉/မနမ(နိုင်)၁၁၀၈၅၉] က အမှုတွဲအမှတ် [၀၁၄၂]/ဘ(ပြောင်း)/၂၀၂၅–၂၀၂၆] ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဦးလှထွန်းလွင်လမ်း၊ အမှတ်(၂)ဟုခေါ်တွင်သော သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ ဗိုလ်တဲကွက်၊ ဦးပိုင်အမှတ်(၂/ဇ)၊ ဂရန်အမှုတွဲအမှတ်–RPNO–၁၉/V/၂၀၀၇–၂၀၀၈ (၅–၉–၂၀၀၈–၄–၉–၂၀၃၈ ထိ)အရ ဦးဒေးဗစ်ဂျွန်ဆင်(ခ)ဒဲရစ်ဂျွန်ဆင်၊ ဒေါ်နီအိုမီ၊ ဦးဂိုက်ဂျွန်ဆင်၊ ဒေါ်သီရိခိုင်(ခ) ဂျီလီယံဂျွန်ဆင်တို့ အမည်ပေါက် ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခံခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်ပိုင်ရှင်များထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်း(ဘ)ဦးယောင်ကိုရွှန်(ခ)ဦးမောင်မောင် [၁၂/ကတတ(နိုင်)၀၀၀၅၅၃] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောဂရန်စာရွက်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၁၄)ရက်အတွင်း မည်သူမဆိုကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ပါသည်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၆–ခ)၊ ဒိုဘီကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် ( $\frac{၁၇–၀}{၄၉}$ )၊ ဧရိယာ(၀.၀၀၇)ဧက၊ ဦးပိုင်အမှတ် (၁၄/၄)၊ ဧရိယာ (၀.၁၀၀) ဧက၊ ဦးပိုင်အမှတ် (၁၅–က)၊ ဧရိယာ (၀.၀၆၆) ဧကရှိ မြေကွက်များအပါအဝင် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦတို့အား ဦးကုံးမှ ပိုင်ဆိုင်အကျိုးခံစားခဲ့ပါသည်။ ဦးကုံးကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်များအပါအဝင် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦတို့အား သားသမီးများဖြစ်သော ဒေါ်ထွေးတင်၊ ဒေါ်ရင်ရင်နှင့် ဦးတင်စိန်တို့မှ ဆက်လက်ပိုင်ဆိုင်အကျိုးခံစားခဲ့ပြီးနောက် (၂၆–၃–၁၉၉၃) ရက်နေ့တွင် ဒေါ်ထွေးတင်၊ ဒေါ်ရင်ရင်နှင့် ဦးတင်စိန်တို့မှ ဆရာတော် ဦးဣန္ဒေသာဘိဝံသအား လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့အား (၇–၇–၂၀၂၂) ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသဇင်ဦး [၁၄/မမန(နိုင်)၃၀၀၆၆၉]မှ အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင်လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါ မြေကွက်များအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသဇင်ဦးအမည်သို့ ပြောင်းလဲလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများ၊ တရားရုံးဒီကရီအမိန့်များတို့ဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်များအား ဒေါ်မေသဇင်ဦးအမည်သို့ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်သူရ (မြောင်းမြ) LL.B, A.G.T.I (EP), D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၀၈)**
**အမှတ်–၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၁၈၄၀၄၂၊ ၀၉–၇၉၅၁၈၄၀၄၂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင်နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# စင်ကာပူဖိတ်ခေါ် ကနူးကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အဖွဲ့ ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု ဆွတ်ခူးရရှိ

ရန်ကုန် ဇူလိုင် ၁၃

မြန်မာလှေလှော်အဖွဲ့သည် ဇူလိုင် ၁၂၊ ၁၃ ရက်က စင်ကာပူနိုင်ငံ၌ ကျင်းပသည့် စင်ကာပူဖိတ်ခေါ် ကနူးကယက်လှေလှော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာလှေလှော်အဖွဲ့ အတွက် ရွှေတံဆိပ် ၁၀ ခုကို မီတာ ၅၀၀ ကနူးအလွတ်တန်း တစ်ယောက်လှော်ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်း၊ မီတာ ၅၀၀ ကနူး နှစ်ယောက်တွဲ အလွတ်တန်း ပြိုင်ပွဲတွင် ကျော်ဇေယျနှင့် သန့်ဇင်ဦးအတွဲ၊ မီတာ ၅၀၀ ကနူး လေးယောက်လှော် အလွတ်တန်းပြိုင်ပွဲတွင် ကျော်ဇေယျ၊သန့်ဇင်ဦး၊ ထွဋ်ခေါင်ဇော်၊ မျိုးလှိုင်ဝင်းအတွဲ၊

စာမျက်နှာ ၁၈ ကော်လံ ၅ သို့❖



အောင်ပွဲရ မြန်မာလှေလှော်အားကစားသမားများကို တွေ့ရစဉ်။

### အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၃

ယနေ့ည ၇ နာရီ ၄၄ မိနစ် ၄၂ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၅၄၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Nicobar Islands, India Region)၊ မြောက်လတ္တီတွဒ် ၉ ဒသမ ၂၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ - ၁၄

---

**အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်း အပြီးသတ်လူရွေးချယ်**

စာမျက်နှာ - ၂၂

---

**အနီဆီမိုဗာကို အနိုင်ရပြီး ဝင်ဘယ်ဒန်တင်းနစ်ဖလား ဆီမီးဖိုင်နယ်သို့ ဆွီယာတက် ဆွတ်ခူး**

စာမျက်နှာ - ၂၃

## အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၁၃

ဘောလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန် လေးခုခွဲ၍ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပလျက်ရှိပြီး ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✪

